
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အုပ်ရေ - ၅၀၀

အကြိမ် - ပထမအကြိမ်
၂၀၁၄၊ အောက်တိုဘာလ

ပုံနှိပ်သူ - ဒေါ်ကျင်ယုံ
(ကောင်းစံပုံနှိပ်တိုက်)
အမှတ် (၂၇၉)၊ လမ်း (၄၀)
(အထက်)၊ ကျောက်တံတား
မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးချစ်ညွန့်
ဇင်ရတနာစာပေ
၂၀၅ (က/ခ)၊ မြို့သစ်၊
အင်းစိန်မြို့နယ်။

တန်ဖိုး -

၈၀၈.၀၁

သုတေသီ သက်ထွန်းမြင့်
တစ္ဆေမရဲ့ မကျွတ်မလွတ် ရာဇဝင်/
သုတေသီ သက်ထွန်းမြင့်။ - ရန်ကုန်
ဇင်ရတနာစာပေ၊ ၂၀၁၄။
၂၁၅-စာ၊ ၁၂ × ၁၇ စင်တီ။
(၁) တစ္ဆေမရဲ့ မကျွတ်မလွတ် ရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com

ရတနာမြတ်သုံးပါး

အနန္တော အနန္တငါးပါး ဦးထိပ်ထား၍

ဘဝတစ်ကွေ့ တွေ့ခဲ့ရသည့်

ထမင်းတစ်လုတ် ကျွေးခဲ့ဖူးသူ

စကားတစ်ခွန်း ညွှန်းဆိုခဲ့ဖူးသူ

နှင့်

ချစ်သူ၊ မုန်းသူတို့အား ထာဝရ ဂါရဝဖြင့်

သုတေသီ သက်ထွန်းဖြင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေသုတေသနဝတ္ထုများ

# တစ္ဆေမရဲ့ မကျွတ်မလွတ် ရာဇဝင်

## မာတိကာ


နိဒါန်း သို့မဟုတ် ၁

ပရလောက နာနာဘာဝတို့ကို လေ့လာခြင်း

၁။ တစ္ဆေမရဲ့ မကျွတ်မလွတ်ရာဇဝင်

၂။ ဥစ္စာစောင့်မ ရင်လွှန်းတင်

၃။ လက်မဲကြီး (လက်မည်းကြီး)

၄။ သရဲအိမ်

၅။ ကျုတ်ရွာသို့အလည်တစ်ခေါက်

၆။ ကျွန်တော် မမေ့နိုင်သည့် တစ္ဆေမ

၇။ တည်းခိုခန်းက တစ္ဆေမ

၈။ ဖုတ်ဝင်သည်

၉။ ကားစောင့် တစ္ဆေ


□ □ □

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း သို့မဟုတ် ပရလောက နာနာဘာဝတို့ကို လေ့လာခြင်း

( ၁ )

ကျွန်တော်သည် အရင်က ရုပ်ဝါဒီတစ်ဦးအဖြစ် ရပ်တည်ခဲ့သလို စိတ်ကိုစွဲ၊ ဝိဇ္ဇာပညာရပ်များနှင့် ပတ်သက်၍ ယုံကြည်ချက် နည်းခဲ့သည်။

သို့သော် ကျွန်တော်သည် အသက်အရွယ်အရ လည်းကောင်း၊ စာပေလေ့လာမှုအားလည်းကောင်း လေ့လာမှုများလာသည့်အခါ အရာရာရုပ်ကချည်း ဦးဆောင်သည် မဟုတ်။ စိတ်ဦးဆောင်မှုသည် အရေးပါလာကြောင်း သိလာခဲ့၏။

သို့ဖြင့် ကျွန်တော် စိတ်နှင့်ပတ်သက်၍ လေ့လာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သလို၊ စိတ်ကျင့်စဉ်များ၊ စိတ်နယ်လွန် ပြဿနာများနှင့် အတူ ပရလောက အပြောင်းများအား သေချာစွာ လေ့လာ ဖြစ်ခဲ့သည်။

စင်စစ် ယနေ့ ကျွန်တော်တို့၏ နှုတ်ဖျားမှ သုံးစွဲ နေသည့် သရဲ၊ တစ္ဆေ၊ မှင်စာ၊ ဥစ္စာစောင့်၊ ကျတ်စသည် တို့သည် ဗုဒ္ဓကျမ်းဂန်များတွင် 'ပေတ' ဟုတွေ့ရ၏။

'ပေတ' သည် "ပြိတ္တာ" အား ဆိုလိုခြင်းဖြစ်၏။ ပြိတ္တာသည် အပါယ်လေးဘုံသားဖြစ်ပြီး၊ ဆင်းရဲဒုက္ခကြီးစွာ ခံစားရသည့် လောကသားဖြစ်၏။

သို့သော် ပြိတ္တာတွင် မသိနားလည်နိုင်သည့် စကား နှင့်ပြောရာတွင် သာမန်ပြိတ္တာရှိပြီး၊ ဖန်တီးနိုင်စွမ်း အနည်း ငယ်ရှိသည့် ပြိတ္တာဟု ရှိသည်ကို တွေ့ရ၏။

ထို့ကြောင့် ပြိတ္တာလောက၊ ခေတ်အခေါ်နှင့်ဆိုလျှင် ပရလောကသား၊ နာနာဘာဝတို့ အကြောင်းကို သေချာစွာ စနစ်တကျ သုတေသနပြုလေ့လာရန် ဆုံးဖြတ်ခဲ့သည်။ လေ့လာခဲ့သည်။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

သရဲ၊ တစ္ဆေဟူသည် နာနာဘာဝတို့အကြောင်းကို လေ့လာသည့်အခါ စိတ်ဝင်စားစရာပေါင်း များစွာကို တွေ့ရသည်။ ထူးဆန်းသည်များကို တွေ့ရသည်။

သို့နှယ်ပင် သရဲ၊ တစ္ဆေလောကသည် စိတ်ဝင်စားစရာ လောက၊ ထူးဆန်းသည့်လောက ဖြစ်သော်လည်း ထိုလောကသည် စိတ်ကိုထိုင်းမှိုင်းစေသော လောကမဟုတ်၊ အတွေးအခေါ် တိမ်းပါးစေသော လောကမဟုတ်။

၃၁–ဘုံနှင့်ပြောလျှင် ကံ၊ကံ၏အကျိုးကြောင့် ဖြစ်ရပြီး၊ အကုသိုလ် အကျိုးပေးနှင့် သေလွန်ပြီးနောက် ဖြစ်ရသည့် ဘဝဖြစ်သကဲ့သို့ ရှင်သူ (ကျန်ရစ်သူ) သို့မဟုတ် စာနာသူများက စာနာမှုဖြင့် ဘဝဆိုးမှ လွတ်မြောက်နိုင်သည့် ဘဝဖြစ်သည်။

ဒါကို စာဖတ်သူတို့ သိစေလိုသည်။ သို့နှယ်ပင် ခြောက်လှန့်ခြင်းသည် အကြောင်းမဲ့မဟုတ်။ အကြောင်းရှိသည်။ ဒါကိုလည်း ပရလောက အကြောင်းလေ့လာလျှင် သိမည်ဖြစ်သည်။ လေ့လာသင့်သည့် အကြောင်းအရာ တစ်ခုလည်းဖြစ်သည်။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ယခု မိမိရေးသား တင်ပြခဲ့သည့် တစ္ဆေမ၏ မကျွတ်မလွတ်ရာဖဝင်သည့် စိတ်ကူးယဉ် ဇာတ်လမ်းများအား စုစည်းထားခြင်း မဟုတ်ပါ။

ကျွန်တော် တစ္ဆေအကြောင်းများအား စိတ်ဝင်စားသဖြင့် စဉ်ဆက်မပြတ် လေ့လာ သုတေသနပြုခဲ့ခြင်းမှ ရရှိခဲ့သည်။ စုဆောင်းထားခဲ့သည့် ဇာတ်လမ်းများအား စာရေးသူပီပီ စာပန်းချီ ချယ်ရေးပြခြင်းဖြစ်သည်။

ဤအကြောင်းများသည် စာဖတ်သူအား ဗဟုသုတတစ်စုံတစ်ရာရစေသည့် အကြောင်းဟု ထင်ပါသည်။

အကယ်၍ ဗဟုသုတ တစ်စုံတစ်ရာ ရခဲ့သည်ဆိုဖြားအံ့။ ရေးရကျိုးနပ်၊ ဗဟုသုတ ပေးရကျိုးနပ်ပြီဟု ခံယူပါသည်။ ပရိသတ်အား ကျေးဇူးအနန္တဖြင့်.....။

စာဖတ်သူများရဲ့

သုတေသီသက်ထွန်းမြင့်


၁၈၀/က၊ဘုရင်္ဂီလမ်း၊၁၁ရပ်ကွက်၊သောင်ကြီး(မြောက်)၊
လှိုင်သာယာမြို့။ဖုန်း-၀၉-၃၁၀၈၅၅၆၉


မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com







မင်းလက်ရာတာဝေ

www.burmeseclassic.com

www.burmeseclassic.com



လှဲ့ရည်ရယ်

မင်းကိုချစ်ခြင်း၊ မင်းဘဝလွတ်မြောက်ခြင်း

အတွက် ဒါနမ္မဟာ အပြည့်သင့်ဆုံးဆိုတာ

ကိုချစ်သိပါပြီး

# တစ္ဆေမရဲ့မကျွတ်မလွတ်ရာဇဝင်

သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေမရဲ့ မကျွတ်မလွတ် ရာဇဝင်

( ၁ )

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင် တစ်ဦး၏အမြင် ဆိုရမည်လော၊ နာနာဘာဝဟူသည်ကို ယုံကြည်ခဲ့သည်။

စင်စစ် ဒီကနေ့ လူတွေက ပရလောက၊ နာနာဘာဝ လောက၊ တစ္ဆေ၊ သရဲ၊ မှင်စာ၊ ကျတ်၊ ဥစ္စာစောင့်ဟူ၍ ခေါ်ဝေါ်ပြောဆိုနေကြသည့် အရာတို့မှာ ခေတ်ပေါ်စကား တစ်ခု၊ အသုံးအနှုန်း အခေါ်အဝေါ်ဖြစ်ပြီး၊ အားလုံးအား ခြုံငုံလေ့လာကြည့်လျှင် ထိုအရာများသည်က ပြိတ္တာများပင် ဖြစ်သည်။

ပြိတ္တာသည် အပါယ်လေးဘုံသားဖြစ်ပြီး၊ အကုသိုလ် အကျိုး ပေးကြောင့် ဤဘဝရောက်ရသူများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်သည် ပြိတ္တာလောကသား ဖြစ်သည့် တစ္ဆေ၊ သရဲ၊ မှင်စာ၊ ကျတ်၊ ဥစ္စာစောင့်ဟူသည့် နာနာဘာ၀တို့ အကြောင်းကို လေ့လာသုတေသနပြု ခဲ့သည်။

သည်အခါ လွန်စွာစိတ်ဝင်စားစရာ ကောင်းသည့်များကို တွေ့ခဲ့ရ၏။ ယခု မိမိရေးသားတင်ပြသည့် အကြောင်းများက မိမိလေ့လာ သုတေသနပြုခဲ့သည့် အကြောင်းများဖြစ် ပေသည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com


( ၂ )

သရဲ၊ တစ္ဆေဟူသည်တို့က အကုသိုလ်အကျိုးပေးကြောင့် အဆင်းရဲဆုံးဘဝ ရောက်ခဲ့ရသူများ ဖြစ်သည်။

ထို သရဲ၊ တစ္ဆေများက လူ့ဘဝ၊ လူ့သက်တမ်းကုန်၍ သေလွန်ပြီးသည့်နောက် အကုသိုလ်အကျိုးပေးကြောင့် အထက်ဘုံသို့ မရောက်ဘဲ အောက်ဘုံသို့ ရောက်ခဲ့သူများ ဖြစ်၏။

သရဲ၊ တစ္ဆေဘဝသို့ ရောက်ရသူများက 'မကျွတ်မလွတ် သူများတည်း။ သူတို့က လူ့ဘဝတွင် အကုသိုလ်များ လွန်းခြင်း၊ အစွဲ အလန်းကြီးမားခြင်းတို့ကြောင့် တစ္ဆေ၊ သရဲဘဝသို့ ရောက်ခဲ့ရသူများ ဖြစ်သော်လည်း သရဲ၊ တစ္ဆေဘဝ


www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်ရှိပြီး ခံစားရသည့် ခံစားမှုများကမူ ကြေကွဲစရာ ဖြစ်နေသည်ကိုလည်း တွေ့ရ၏။

ကျွန်တော် မြေလတ်ဒေသသို့ ရောက်စဉ် ထူးခြားသည့်မကျွတ်မလွတ်သူ တစ်ဦးအကြောင်း လေ့လာသိရှိခဲ့ရသည်။ သူမ အမည်က 'ဆွေလဲ့ရည်'ဖြစ်သည်။

ဆွေလဲ့ရည်က အသက်(၁၈)နှစ်ကျော်ပြီး ရုပ်ရည်ချောမောသူ၊ ခန္ဓာကိုယ်အချိုးအဆစ် ပြေပြစ်သူဖြစ်သည်။ သူမအသားက အဖြူနှင့်အဝါရောပြီး နူးညံ့၏။ ဝင်းမှည့်နေ၏။

သူ့မြို့သူ့ရွာတွင် ဆွေလဲ့ရည်သည် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်လည်း ဖြစ်၏။

ဆွေလဲ့ရည်သည် ရုပ်ချောသဘောကောင်းသဖြင့် ခင်မင်သူပေါသဖြင့် အလှမာန်လည်း ဝင့်သူတည်း။ ပြီးတော့… ဆွေလဲ့ရည်၏ မိခင်သည် အထိုက်အလျောက် ဥစ္စာရှိသဖြင့် သမီးကိုချစ်၏။ အလိုလိုက်၏။

ဆွေလဲ့ရည်ကို လိုချင်သူလည်းပေါ၏။ကာလသားတွေကြားတွင် ဆွေလဲ့ရည်သည် ရေပန်းစား ချစ်ရေးဆို



www.burmeseclassic.com

www.burmeseclassic.com



သူလည်းများ၏။ ဆွေလဲ့ရည် မည်သူ့ကိုမျှ မျက်နှာသာ မပေးခဲ့။

"ကျွန်မ... အချစ်ရေး၊ အိမ်ထောင်ရေး စိတ်မဝင်စား သေးဘူး"ဟု ချစ်ရေးဆိုသူတွေကို တုန့်ပြန်တတ်၏။

ဆွေလဲ့ရည်ကို အကြွမ်းဖက်လာလျှင် လက်စွဲသည့် အမူမျိုးပြုလျှင် ဆွေလဲ့ရည်က ပြတ်သား၏။ လက်ရဲ၊ ဖက်ရဲ ရှိ၏။

ယင်းသို့ ဆွေလဲ့ရည်အား ချစ်သူများသလို၊ ဆွေလဲ့ ရည်ကို ချစ်သူ၊ လက်ထပ်ခွင့်တောင်းသူများသည် ငွေကြေး ပြည့်စုံသူများသာ ဖြစ်၏။

အချို့က ကိုယ်တိုင်ချစ်ခွင့်ပန်ပြီး၊ အချို့က ဆွေလဲ့ ရည်၏ မိခင် ဒေါ်သီတာထံ ချဉ်းကပ်ကြ၏။ သည်အခါတိုင်း ဆွေလဲ့ရည်က...

"အမေ... ကျုပ်ကို... အတင်းအဓမ္မ ပေးစားဖို့ မစဉ်းစားနဲ့နော်။ လုပ်လာရင်လဲ ကျုပ်က အမေဆိုညာတာမှာ မဟုတ်ဘူး။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ ကျုပ်ကိုယ်တိုင် ရွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုကြေငြာထားသည်။

ဆွေလဲ့ရည်က ပြောသလိုလည်း လုပ်သည်။ ဆွေလဲ့ရည်သည် သူ၏ချစ်သူအိမ်ထောင်ဘက်အား သူကိုယ်တိုင်ရွေးခဲ့၏။ သည်အခါ တစ်ရွာလုံး အံ့သြကြရ၏။

အဘယ်ကြောင့်ဆိုသော် ဆွေလဲ့ရည် ရွေးချယ်ခဲ့သည့် ချစ်သူ အိမ်ထောင်ဘက်သည် မျက်နှာမွဲ လယ်ကူလီဟုခေါ်ရသည့် 'မောင်ချစ်မြတ်'' ဆိုသည့် သူငယ်ဖြစ်နေသောကြောင့်တည်း။

အမေက...

"သမီးရယ်... ဥစ္စာခနေ ပြည့်စုံသူတွေ ဝိုင်းဝိုင်းလည်ရှိနေတဲ့ကြားမှာ ဘာကြောင့် မျက်နှာမွဲ ချစ်မြတ်ကို ရွေးရတာလဲ။ အမေတော့ စဉ်းစားလို့ မရတော့ဘူး"

ဟုဆိုတော့ ဆွေလဲ့ရည်က ပြုံးပြီး...

"ရေစက်ပဲပေါ့ အမေရယ်..." ဟုဆို၏။

ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထောင်ဆိုတာ တစ်သက်လုံးကိစ္စလေ။ ကိုချစ်မြတ်ဟာ ရိုးသားတယ်။ ယောကျာ်း ပီသတယ်။ ဒါကြောင့်ပါ..."

ဟု ရှင်းပြသည်။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

သို့တစေ ဆွေလှဲ့ရည်နှင့် ချစ်မြတ်တို့သည် ရေစက် ပါခဲ့သည်ဆိုသော်လည်း ရှေးရေစက်နည်းသည်ဟု ဆိုရမည် လားမသိ။

ဆွေလှဲ့ရည် ချစ်မြတ်တို့ မင်္ဂလာပွဲအတွက် ခန်းဝင် ပစ္စည်းအနည်းငယ် (အိပ်ယာခန်းနား) ဝယ်ရန် မြို့သို့သွားပြီး အပြန်၌ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆွေလှဲ့ရည် ပွဲချင်းပြီးသေဆုံး ခဲ့ရသည်။

ချစ်မြတ် ယူကြုံးမရ ဖြစ်ခဲ့သည်။

"လှဲ့ရည်ရယ်... မင်း.... ကိုချစ်ကို့ ချစ်တယ်၊ တစ် သက်မခွဲဘူးဆိုပြီး။ ကိုချစ်ကို ခွဲသွားရက်တယ်။ ကိုချစ် ဘယ်လိုနေရမယ်. လှဲ့ရည်ရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဆွေလဲ့ရည်… ဖုတ်သကြီုဟ် ဈာပနပြာချသည့်နေ့က ချစ်မြွတ် တစ်ယောက် ပဏ္ဍာမြေလူး အရူးကြီးနှယ်။

ကံဇာတ်ဆရာ အလိုကျ ခွဲလိုက်ရသော်လည်း မခွဲချင်။ ဆွေလဲ့ရည်က မျက်စိရှေ့တွင် သေသွားသော်လည်း သူ့အတွက် သေသည်ဟု မထင်။ သူ့ရင်ထဲရှိနေသေး၏။ မခွဲချင်။

ထို့ကြောင့် ဆွေလဲ့ရည် ဈာပန မြေချသည့်နေ့က သူကိုယ်တိုင်ဆွေလဲ့ရည်အား အလှပြင်ခိုင်း၊ ပန်းပန်ခိုင်းပြီး ဆွေလဲ့ရည်၏ ခေါင်းတလား၊ မြေကျင်းထဲသို့ချကာနီးတွင် ဆွေလဲ့ရည်၏ မြကေသာမှ ပန်ထားသည့် ပန်းကို မည်သူမျှ မသိအောင် သူယူခဲ့သည်။

သူ့အိမ်တွင် သူ့အိပ်ယာဘေးတွင် ထားခဲ့သည်။ ပန်းကလေးကို ယူခဲ့စဉ်ကလည်း လူမသိအောင်…

"လဲ့ရည်… မင်းကို ကိုယ်မခွဲနိုင်ဘူး။ မင်း… ကိုချစ်နဲ့လိုက်ခဲ့။ ကိုချစ်နဲ့ နေနော်။ လဲ့ရည်ကို ကိုချစ်ပြန်မပို့ဘူးနော်…"

ဟု တိတ်တခိုး စကားဆိုခဲ့သည်။ သူ့စိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဆွေလဲ့ရည်ကို ချစ်လွန်းသလို၊ ဆွေလဲ့ရ [illegible] ကို ချစ်ပြီး သူနှင့်နေမည်ထင်ခဲ့၏။

သို့နှင့် ဆွေလဲ့ရည် သေဆုံး [illegible] မြောက်နေ့အချိန်က နေဝင်ရီတရောအချိန်...

သူအိမ်သို့ ပြန်လာခိုက် "ကိုချစ်... ကိုချစ်..." ဟု ခေါ်သံ ကြားလိုက်ရ၏။ အသံကြားလိုက်လျှင် သူဆတ်ခနဲ တွန့်သွား၏။

အဘယ်ကြောင့်ဆိုသော် ခေါ်လိုက်သံသည် ဆွေလဲ့ရည် အသံမှန်း သိလိုက်ရသောကြောင့် ဖြစ်သည်။

"ဟင်... လဲ့ရည်... လဲ့ရည်... အသံပဲ..."

"လဲ့ရည်လား... ကိုချစ်ကို နှောက်နေတာလား။ နှုတ်ဆက်တာလား။ ကြောက်အောင်တော့ မခြောက်နဲ့ လဲ့ရည်။ ကိုချစ် မကြောက်ဘူး..."

ဟုပြောလိုက်စဉ် သူ့ကျောကို အရာဝတ္ထုတစ်ခုနှင့် ပစ်ပေါက်လိုက်သည်ကို သိလိုက်၏။ သူကြည့်လိုက်တော့ ဂဏန်းကျစ်တစ်ခဲ။

"လဲ့ရည်... မင်း... ကိုချစ်နားမှာရှိလား။ ကိုချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မနှုတ်ဆက်နဲ့နော်။ ကိုချစ်... မင်းကိုမခွဲနိုင်ဘူး။ မင်း... ဝိညာဉ်ပန်းကို ကိုချစ်ဘယ်တော့မှ လွှင့်ပစ်မှာ မဟုတ်ဘူး နော်..."

ဟုပြောလိုက်သည်။

"ကိုချစ်ကို လဲ့ရည် မခွဲပါဘူး။ လဲ့ရည်... ကိုချစ်နဲ့ လာနေမယ်နော်..."

"လဲ့ရည်ရယ်... ကိုချစ်ကလဲ လဲ့ရည်ကို မခွဲနိုင် ပါဘူး..."

သူပြုံးလိုက်မိသည်။ ဆွေလဲ့ရည် သူနှင့်လာနေ မည်ဟု ပြောသံကြားလိုက်ရသောကြောင့် ဖြစ်သည်။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

နေဝင်သွားပြီ။

ည၏ သရုပ်သည် ပိပြင်စ...။

ချစ်မြတ် အိမ်သည်ရွာ၏အနောက်၌ရှိပြီး သက်ကယ်မိုး၊ ထရံကာ၊ တဲသာသာ အိမ်ကလေးဖြစ်၏။

ချစ်မြတ် မိမိအိမ်ပေါ်တက်ပြီး မီးခွက်ထွန်းလိုက်စဉ် အပုပ်နံ့ကို ရှူရှိုက်လိုက်ရ၏။

ထို့အတူ သူမီးထွန်းလိုက်၍ မီးလင်းသွားလျှင် သဏ္ဍာန်တစ်ခုကို ဘွားခနဲ တွေ့လိုက်ရ၏။ သူမြင်လိုက်သည်။ မြင်ကွင်းက နောက်ခိုင်းထိုင်နေသည့် မြင်ကွင်း။ ဆံပင်ဖားလျားချထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ..."

ချစ်မြတ်က မေးလိုက်လျှင် "လဲ့ရည်ပါ..."ဟု တိုးတိုးဖြေ ပြီးလှည့်လိုက်၏။

"လဲ့ရည်... ဝမ်းသာလိုက်တာ... လဲ့ရည်ရယ်..."

မှန်သည်။ လဲ့ရည်မှ ဆွေလဲ့ရည် အစစ်။

သနပ်ခါးတွေ ဖွေးနေအောင် လူးထားသည်။ အပြုံးနှင့်ချစ်မြတ်ကို ကြည့်သည်။

"ဟုတ်တယ်လေ။ လဲ့ရည်... ကိုချစ်ကို မခွဲနိုင်လွန်း တစ်နေ့သာ လဲ့ရည်ကို နှင်မလွှတ်ရဘူးနော်..."

"အို... ဘာဖြစ်လို့ လဲ့ရည်ကို နှင်လွှတ်ရမှာလဲ. ကိုချစ်လဲ လဲ့ရည်နဲ့ မခွဲနိုင်လို့ လဲ့ရည်ဝိညာဉ်ကို ဒီမှာခေါ်ထား တာလေ။ ကိုချစ်တို့ တစ်သက်လုံးနေကြမှာနော်..."

ချစ်မြတ်စိတ်ထဲ ပျော်နေသည်။

ချစ်မြတ် ဆွေလဲ့ရည်ကို ကြင်နာစွာ ထွေးဖက်လိုက်သည်။ ဆွေလဲ့ရည်က သူ့ရင်ခွင်ထဲတွင် ခိုဝင်ပြီး "တစ်သက် လုံး မခွဲဘဲနေမယ်နော်။ ကိုချစ်နဲ့ အတူနေဖို့လဲ လဲ့ရည်ဖွင့်ပန်



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးပြီ။ ဒ ဂုန်းကျင် မသိစေနဲ့နော်..."

ဟုပြော၏။

"စိတ်ချ... လွဲရည်၊ လွဲရည် ကိုချစ်နေတာ ဘယ်သူမှမသိစေရဘူး။ ဘယ်သူမှလဲ လာခွဲလို့မရဘူး။ မခွဲစေရဘူး..."

ချစ်မြတ်က ပြောရင်း ဆွေလွဲရည်ကို အနမ်းမိုးတွေ ဖွေခဲ့သည်။ ထိုညက ချစ်မြတ် ဆွေလွဲရည်ကို ရင်ခွင်ထဲထည့်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ခဲ့သည်။

* * * * * * *

ချစ်မြတ်စိတ်ထဲ၌ ဆွေလွဲရည် သေသွားပြီဆိုသည်ကိုမေ့နေသည်။ သူက ဆွေလွဲရည် ပြောထားသည့်အတိုင်း ဘယ်သူ့ကိုမျှ မပြောခဲ့။

တချို့က...

"ချစ်မြတ် မင်းအိမ်က ညလုံးပေါက် မီးထွန်းပြီး ဘာလုပ်နေတာလဲ။ ဖားရိုက်သူတွေက မင်းအိမ်က စကားပြောသံတွေ ကြားတယ်လို့ပြောတယ်။ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးလည်း "လူတွေ စိတ်ထင်နေတာပါ။ မီးထွန်းထားတာက အိပ်မရလို့ပါ"ဟု ဖြေခဲ့သည်။

ဆွေလဲ့ရည် မိခင်ကမူ ချစ်မြတ်အား "မင်း... သမီးကို ချစ်တာ အမေသိတယ်။ ဒါပေမယ့် သိပ်ပြီးအစွဲအလန်း မကြီးနဲ့သား။ ဘဝကခြားနေပြီ။ ပြန်မရနိုင်တော့တာကို တမ်းတမနေနဲ့တော့..."ဟု ဖြေသိမ့်သည်။

ချစ်မြတ်စိတ်ထဲ၌မူ ဆွေလဲ့ရည်ကို စွဲလန်းနေသည်။ ဆွေလဲ့ ရည်နှင့် နေရသည်ကို ပျော်လင့်နေသည်။

သို့သော် ဤနေ့ကမူ ချစ်မြတ်ရင်ထဲ ပူလောင်မောလျ သွားငြ်။

သည်ကနေ့... သည်ကနေ့...

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၅ )

အိမ်ပေါ်သို့ အမောတကော ပြေးတက်လာသည်။ ချစ်မြတ် ဆွေလဲ့ရည်ကို တွေ့လိုက်ရလျှင် ခြေလှမ်းတွေတုန့်သွား၏။

အခြားကြောင့်မှုမဟုတ်။

ဆွေလဲ့ရည် မျက်ရည်လည်ရွဲနှင့် ငိုနေသောကြောင့်ဖြစ်သည်။ ချစ်မြတ် အပြေးတစ်ပိုင်းသွားပြီး ဆွေလဲ့ရည် အနားသို့ရောက်လျှင် ထိုင်ချလိုက်ပြီး ဆွေလဲ့ရည်ကို ထွေးဖက်လိုက်သည်။

"လဲ့ရည်... မင်း... မင်း... ဘာဖြစ်လို့လဲ..."

ဆွေလဲ့ရည်က တစ်ချက်ရှိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"လွဲ့ရည် ဝမ်းနည်းလို့ပါ ကိုချစ်မြတ်။ လွဲ့ရည်... ကိုချစ်မြတ်နဲ့ တစ်သက်မခွဲဘဲ နေချင်ပေမယ့် လွဲ့ရည် တောင်းပန်ထားတဲ့ အိမ်စောင့်နတ်က လွဲ့ရည်ကို ခွင့်မပြုတော့ ပါဘူး။ လွဲ့ရည် ထွက်သွားရတော့မယ်။ လွဲ့ရည်... ကိုချစ်ကို မခွဲချင်ဘူး..."

"ဟင်... ဟုတ်လား... လွဲ့ရည်။ လွဲ့ရည်... ကိုချစ် ကိုမခွဲနိုင်သလို၊ ကိုချစ်လဲ လွဲ့ရည်ကို မခွဲနိုင်ဘူး။ ကိုချစ် ဘာလုပ်ရမလဲဟင်...။ ကိုချစ်ဘာလုပ်ရမလဲ..."

ဆွေလွဲ့ရည်က ဦးခေါင်းကို အသာခါရမ်းပြီး...

"မရတော့ဘူး ကိုချစ်။ လွဲ့ရည်တို့ဘဝက ခြားနေ ပြီလေ။ လွဲ့ရည် သွားရတော့မယ်။ ကိုချစ်နဲ့ လွဲ့ရည်ဘဝကို ဒီဘဝ ဒီမျှလို့ပဲ ခံစားနားလည်ရတော့မပေါ့ ကိုချစ်ရယ်..." ဟုပြောသည်။

ပြီးနောက် ဆွေလွဲ့ရည် တရှိုက်ရှိုက် ငိုသည်။ သည် လိုနှင့် ဘယ်လိုအချိန်ကုန်သွားသည်မသိ။

တစ်ည လွန်မြောက်သွားသည်။

နံနက်တွင် ဆွေလွဲ့ရည်သည် မရှိတော့။ ချစ်မြတ်



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းမှယူခဲ့သည့် ဝိညာဉ်ခေါ် ပန်းကလေးကလည်း ကြွေမွ ပျက်သုဉ်းသွားပြီ။

"လွဲ့ရည်ရယ်... ကိုချစ်ကို ဒီအတိုင်းတော့ ပစ်မထားပါနဲ့။ လွဲ့ရည် မရှိရင် ကိုချစ်ဘဝ မပြည့်စုံတော့ဘူး"

သူက အရှူးနှယ်...။

နံနက်လင်းပြီး မကြာမီ ချစ်မြတ်ထံသို့ ဆွေလွဲ့ရည်၏ မိခင်ကြီးရောက်လာသည်။

"ညက သမီးလေး... လာပြီး အမေ့ကို အိပ်မက်ပေးတယ်။ သူ့ကိုချစ်ရင် ဟာမ်းတခြင်းနဲ့မကုန်ဆုံးပါနဲ့။ သူ့အတွက် ပေတဒါန ပြုပေးပါရန် မှာသွားတယ်"

ဟုပြောသည်။

"ချစ်မြတ် ရီဝေကာ အဝေးကို ငေးမောကြည့်ရင်း "လွဲ့ရည်ရယ်... မင်းကိုချစ်ခြင်း၊ မင်းဘဝ လွတ်မြောက်ခြင်း အတွက် ဒါနအလှူဟာ အပြုသင့်ဆုံးဆိုတာ ကိုချစ်သိပါပြီ။ သေသူအတွက် ရှင်သူတာဝန် ကျေရစေပါမယ်"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ချစ်မြတ်က...

"လှဲ့ရည်ရယ်... ကံ့ကံ့ဓါးအကျိုးနဲ့ တမလွန် ဟိုမှာဘက်မှာ လှဲ့ရည်နဲ့ ကိုချစ်ဘဝသစ်နဲ့ ပျော်နိုင်ဖို့ ကိုချစ်ဒါနအလှူပြုပြီး လှဲ့ရည် အတွက် အမျှပေးဝေပါ့မယ်။ လှဲ့ရည် သာဓုခေါ်နိုင်ပါစေကွယ်။ သာဓု ခေါ်နိုင်ပါစေ...။

စာဖတ်သူများရဲ့...

သုတေသီသက်ထွန်းမြင့်

မင်းအောက်ဆောင်ရာ

www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးမြင်ရင် သတ်လိုက်ပါကိုယ်။
တစ်ဝက်ကိုသုံး။ တစ်ဝက်ကို ရှင်လွှန်းတင်ကို
ရည်မှန်းပြီး လှူပါ။ အမျှပေးဝေ သာဓုခေါ်ပါ။
နောင်ဘဝ နောင်ခန္ဓာနဲ့ပေါင်းကြစို့…။

# ဥစ္စာစောင့်မ ရှင်လွှန်းတင်

သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဥစ္စာစောင့်မ ရှင်လွန်းတင်

## နိဒါန်း

ဤဇာတ်လမ်းလေးသည် ကျွန်တော်၏ စာဖတ်ပရိသတ်တစ်ဦးမှ ပြောပြသည့် ဇာတ်လမ်းကလေးဖြစ်ပြီး၊ အလွန်လည်း စိတ်ဝင်စားစရာကောင်းသဖြင့် ပြန်လည်ဖောက်သည်ချရခြင်း ဖြစ်ပါသည်။

ဤဇာတ်လမ်း ကလေးသည် ပရလောကသား တစ်ဦးနှင့် လူသားတစ်ဦး၏ မေတ္တာဇာတ်လမ်းကလေး တစ်ပုဒ်ဖြစ်ပြီး ဆွတ်ပျံ့ကြည်နူးဖွယ်၊ ဝမ်းနည်းကြေကွဲဖွယ် ဇာတ်လမ်းကလေးလည်း ဖြစ်ပါသည်။

မင်းလက်ရာစာစဉ်

www.burmeseclassic.com

www.burmeseclassic.com


ဤဇာတ်လမ်းကလေးက...။

* * * * * * *

မင်းလေက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com


( ၁ )

တိုးစည်သည် သည်မြို့သည့်နယ်သားမဟုတ်။ သည်မြို့ သည့်နယ်သို့ တာဝန်နှင့်ရောက်လာသူ တစ်ဦးသာ ဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးတာဝန်နှင့် ရောက်လာခဲ့သူ တစ်ဦးပင်။ ဝန်ထမ်းတစ်ဦး၏ အကူအညီနှင့် သည်ရပ်ကွက်၌ရှိသည့် လုံးချင်းအိမ်တစ်လုံး၌ ငှားရမ်းနေထိုင်နိုင်ခဲ့၏။

ခြံက ကျယ်ဝန်းသည့်ခြံမဟုတ်သလို၊ ကျဉ်းမြောင်းသည့် ခြံတစ်ခြံလည်းမဟုတ်။ ခြံထဲ၌ စပယ်၊ ကြက်ရုံးစသည့် ပန်းပင်များနှင့် ဆောင်တော်ကူး ပန်းခြုံလည်းရှိ၏။

အိမ်ကလေးက ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအိမ်


www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်၏။ အိမ်ကလေးတွင် အိပ်ခန်း၊ ဧည့်ခန်းနှင့် မီးဖိုခန်း ဟူ၍ သီးခြားရှိ၏။

သို့သော် မောင်တိုးစည်က လူလွတ်ဖြစ်သဖြင့် ချက်ပြုတ်စားခြင်းမရှိ။ ကြုံရာမှာ ဝယ်စားသူ။

ပြီးတော့… တိုးစည်က အလုပ်ကြိုးစားပြီး အားလပ်ချိန်တွင် ဘာသာရေး အလုပ်လုပ်သည်။ ပုတီးစိတ်သည်။

မောင်တိုးစည်သည် သည်မြို့သို့ရောက်သည်မှစ၍ ရုံးဆင်းလျှင် ရွှေဘုံသာမုနိစေတီသို့သွားကာ ပုတီးစိတ်သည်။

ညနေ (၆)နာရီ ဘုရားပေါ်မှ ဆင်းခဲ့ပြီး ထမင်းဝင်စားသည် ပြီးမှအိမ်သို့ပြန်ခဲ့သည်မှာ နိစ္စဓူဝ အလုပ်ဖြစ်သည်။

သူ့အတွက်မူ တစ်နေ့တာ မည်မျှပင်ပန်းပါစေ၊ ညနေရောက်၍ ရွှေဘုံသာမုနိဘုရားသို့တက်ပြီး ကြည်လင်သည့် ခေါင်းလောင်းသံ၊ ဆွဲလဲသံကလေးကြားရလျှင် စိတ်ထဲပျော်သွားသည်။

ပုတီးစိတ်လိုက်ပြီဆိုလျှင် အငြိမ်းချမ်းဆုံးဘဝကို ပိုင်ဆိုင်လိုက်ရသလို ခံစားလိုက်ရ၏။

ယင်းသို့နေ့စဉ် ဘုရားသို့ ရောက်ခဲ့သည်။ တိုးစည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် ထူးခြားသည့် နေ့တစ်နေ့ကို ထိတွေ့ခံစားလိုက်ရ၏။

ထိုနေ့က ထူးခြားသည့်နေ့လား။

အချိန်က ညနေ (၆)နာရီ။

အရှေ့ဂေါ်ရက္ကျွန်းမှ ပေါ်ထွန်းခဲ့သည့် နေမင်းကြီးသည် အနောက်ဂေါ်ရက္ကျွန်းဆီသို့ ငုတ်လျှိုးတိုးဝင်သွားလေပြီ။

သို့သော် အလင်းရောင်သည် လုံးဝ မဆိတ်သုဉ်းသွားသေး။ ကောင်းကင်ပြင်၌ တိမ်မိလာဖာပန်းတို့ လန်းပွင့်နေ၏။

လေပြေသည် ဝေ့ဝဲတိုက်ခတ်နေပြီ။ အိပ်တန်းပြန်ငှက်တို့ အုတ်ဖွဲ့ပျံသန်းသွားကြသည်ကို တွေ့ရ၏။

မောင်တိုးစည်က ဘုရားဝတ်ပြု ပုတီးစိတ်ပြီးချေပြီ။

"ဤသို့ပြုရသည့် ကုသိုလ် အဖို့ဘာဂတို့အား အထက်ဘဝဂ် အောက်အဝီစိ ရှိရှိသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့နှင့်အတူ အောက်ဝန်းကျင်၌ရှိကြကုန်သော သတ္တဝါတို့အား အမျှပေးဝေပါသည်။

မင်းလေက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အမျှရယူ နိုင်ကြပါစေ။ အမျှ... အမျှ... အမျှ... ပေးဝေ ပါတယ်။ ပုပ္ပရွ ရှိသမျှ သတ္တဝါတို့ ရကြပါစေ။ ကုသိုလ်ပြုသမျှအား သာဓု ခေါ်ပါသည်။ သာဓု... သာဓု... သာဓု..."

ဟု အမျှပေးဝေ သာဓုခေါ်ဆိုပြီးသည့်နောက် တိုးစည် ဘုရားကို ဝတ်ပြုကန်တော့သည်။

ထိုစဉ် တိုးစည်၏ နှာခေါင်းတွင်းသို့ သင်းပျံ့သည့် မွှေးရနံ့ တစ်ခုတိုးဝင်လာသည်။

မွှေးရနံ့သည် သင်းပျံ့၏။

ကြည်နူးစိတ်၊ သင်းပျံ့သည့် မွှေးရနံ့ကြောင့် သူ့ ရင်ထဲချမ်းမြေ့သလို ခံစားလိုက်ရ၏။

ထို့ကြောင့် တိုးစည် အသာအယာ လှည့်ကြည့် လိုက်၏။

"အို..."

သူ့ရင်ထဲ အံ့ဩသလို ခံစားလိုက်ရပြီး ဒုတိယံပိ ထပ်ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အံ့ဩမိသည့် အသွင်သဏ္ဍာန်ကို သူပီပြင်စွာမြင်တွေ့လိုက်ရ၏။ အခြားသူမဟုတ်။

နွဲ့နွဲ့ယျှယျှ သူ့အနားတွင် ရပ်နေသူတစ်ဦး။ မြင်လိုက်ကတည်းက သုံးတောင်ဝတ် မိန်းကလေးတစ်ဦးဟု သိလိုက်ရသည်။

တောက်ပြောင်သည့် အစိမ်းရောင် လုံခြည်၊ အင်္ကျီနှင့် အချိုးအဆစ် ပြေပြစ်နွဲ့လျှသည်သူ ဆိုသည်ကို နားလည်ခံစားလိုက်ရ၏။

သူမသည် တိုးစည် အနောက်တွင် ရပ်လျက်လေအသင့်ဝယ် သူမ၏ ရှည်လျားပျော့ပြောင်း နက်မှောင်သည့် ဆံကေသာက လူးလွန့်နေသည်ကိုတွေ့ရ၏။

တိုးစည်က သူမကိုကြည့်ရင်း ထလိုက်၏။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၂ )

သည့်အခါ သူမနှင့် မျက်နှာချင်းဆိုင်လိုက်ရသလို သင်းပျံ့ သောမွှေးရနံ့ကို ရှူရှိုက်လိုက်ရ၏။

ပြီးတော့ မျက်လုံး၊ မျက်ခုံး၊ နှာတံစသည်တို့၏ ကောင်းခြင်းကို မြင်တွေ့ရ၏။ အထူးသဖြင့် သူ၏မျက်ဝန်း အစုံသည် သောက်ရှူး ကြယ်ညီနောင်နှယ် ထွန်းပြောင်နေ သည်ကို တွေ့လိုက်ရ၏။

မျက်နှာချင်းဆိုင်မိလျှင် သူက...

"ကျွန်မ နောက်ယှက်သလိုများ ဖြစ်သွားသလား မသိဘူး"

သူက အားတုံ့အားနာ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



တိုးစည်က သူ၏နီရွေးသော နှုတ်ခမ်းမှ ချိုလွင်သော စကားသံကို ခံစားရင်း ကြည်နူးသွားမိ၏။

တိုးစည်က ပြုံးပြီး ...

"မဖြစ်ပါဘူး..."

ဒါ့ထက် သူမက ...

"ကျွန်မက ရှင်လွန်းတင်ပါ။ ဒီက အစ်ကို နေ့တိုင်း ဒီမှာ ဘုရားဝတ်ပြု ပုတီးစိတ်တာ တွေ့ရတယ်လေ။ ဒါကို ကြည့်ရင်း စိတ်ထဲသာယာသလို ခံစားရတယ်လေ။ ကိုယ် မလုပ်နိုင်တာကို လုပ်နိုင်တဲ့ ဒီက အစ်ကိုကို သဘောကျမိ ပါတယ်"

"အစ်ကို နာမည် တိုးစည်ပါ။ ရန်ကုန်က ဒီမှာ တာဝန်နဲ့ ရောက်လာတာလေ။ ရှင်လွန်းတင်ကကော..."

"ကျွန်မက ဒီနားကပါ..."

ဟုပြောပြီး ဟိုသည်ကြည့်ကာ "နောက်မှ တွေ့ကြ တာပေါ့နော်။ ရှင်လွန်းတင် သွားမယ်"ဟုပြောပြီး ထွက် သွား၏။

တိုးစည်သည် ခပ်သွက်သွက်ထွက်သွားသည့်

မင်းလေးကာရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှင်လွန်းတင်၏ နောက်ကျောကို ငေးကြည့်နေမိ၏။ လှုပ်ရှားမှုနှင့်အတူ လှုးလွန့်နေသည့် ဆံပင်က ကဗျာဆန်လွန်းဘိ၏ဟုခံစားမိသည်။

သည်ညက တိုးစည် အိပ်မရ။ ဒါက ဓမ္မတာပင်။ မိန်းမလှကလေးနှင့် ဆုံတွေ့ရတိုင်း ခံစားရသည့် ယောကျ်ားပျိုတို့ ဝေဒနာ မဟုတ်လား။

သို့ဖြင့် နောက်တစ်နေ့ ရောက်ခဲ့သည်နှင့်အတူ ပြုမြဲဝတ်အတိုင်း ဘုရားရှိခိုး ပုတီးစိတ်၊ မေတ္တာပို့ပြီးလျှင် မွေးရန့်ကို တမ်းတရင်း မျှော်လင့်နေမိ၏။

ချိုလွင်သော မျက်နှာနှင့် မျက်နှာချင်းဆိုင် လိုက်ရ၏။

သူပင်... ရှင်လွန်းတင်တည်း။

ပန်းနုရောင် ဝမ်းဆက်ဝတ်ဆင်ထား၏။ ရှည်လျားနက်မှောင်သည့် ဆံကေသာက လေအသင့်တွင် ကဗျာဆန်စွာ လူးလွန့်နေ၏။

ရှင်လွန်းတင်က ပြုံး၍ ...

"အစ်ကို ဘာရှာနေတာလဲ"

ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com



တိုးစည်သည် ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်သူနှယ် ထုံအအ ဖြစ်သွားချေ၏။ ပြီးမှ…

"ဒါကို ရှင်လွန်းတင် သိချင်လို့လား"

သူမက ခေါင်းညိတ်ပြသည်။

"ကျွန်တော်လဲ မလိမ်ချင်ပါဘူး။ ကျွန်တော် ရှင်လွန်းတင်ကို ရှာနေတာလေ"

"ဟုတ်လား"

"ဟုတ်တယ် ရှင်လွန်းတင်။ ပြောရရင် ရှင်လွန်းတင်က တစ်ခဏာနဲ့တစ်ဘဝကို ပိုင်စိုးနိုင်သူ ဖြစ်နေလို့လေ…"

ရှင်လွန်းတင် ရှက်စနိုးခေါင်းငုံ့သွား၏။

ထို့နောက် တစ်ဦးကိုတစ်ဦး ပြုံးကြည့်မိ၏။

သို့နှယ်ပင် အချိန်တိုတိုနှင့် ခင်မင်သူတွေဖြစ်သွားသည်။

"ခွဲခွာကာနီးတိုင်း ရှင်လွန်းတင်ကို ကျွန်တော် မျှော်နေမှာ" ဟုပြောဖြစ်၏။

ရှင်လွန်းတင်ကလည်း "ရှင်လွန်းလဲ အစ်ကို့ကို အမြဲ သတိရနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ရှေးရေစက် နေမှာနော်..."

မပြောဘဲ ပြုံးသည်။

သည်အပြုံးတွေ နှလုံးသားတွင် မြှုပ်နှံပြီး ပြန်ခဲ့သည်ချည်း။

* * * * * * *

မင်းသေက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

လောကစဉ်လာအရ တစ်ဦးကိုတစ်ဦး အတွေ့အမြင်များလာ ပြီဆိုလျှင် ကြင်နာစိတ် တိုးဝင်ခဲ့သည်မှာ ဓမ္မတာပင်။

ဒီလိုနှင့် တိုးစည်နှင့် ရှင်လွန်းတင် နေ့စဉ်တွေ့နေကြပြီး နှစ်ရက်လောက် မတွေ့ရတော့ ရင်ထဲခံစားချက် တစ်မျိုး ဖြစ်ခဲ့သည်။ ခင်မင်ခြင်းထက်ပိုသော အချစ်တစ်ခု နှလုံးသားတွင် စိုးမိုးနေပြီဟု သိခဲ့ရ၏။

"ဟုတ်တယ် ငါ လွန်းတင်ကို ချစ်နေမိပြီ။ ဒီတစ်ခု တွေ့ရင် ငါ လွန်းတင်ကို ချစ်နေမိပြီလို့ ပြောရမယ်။ ပြီးတော့ လက်ထပ်မယ်။ ငါ... လွန်းတင်ကို ချစ်သလို မရှက်တော့ဘူး"

ဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုးစည် နားလည်လိုက်ပြီ။ ထို့ကြောင့် ညနေရောက်ပြီမို့ ပြုမြဲဝတ်ကိုပြုပြီး ရှင်လွန်းတင်ကို မျှော်နေမိသည်။

မျှော်လင့်ခြင်းကြောင့် ရင်ထဲမောလျှရသလို၊ သင်းပျံ့သည့် မွှေးရနံ့ကို ရှူရှိုက်လိုက်ရတော့ သူပျော်သွား၏။ သင်းရနံ့နောက်မှာ...

သူ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ရှင်လွန်းတင်နှင့် မျက်နှာချင်းဆိုင်လိုက်ရ၏။

"လွန်းတင်... အစ်ကို လွန်းတင်ကို မျှော်နေတာ နှစ်ရက်လောက် မတွေ့ရတာကို နှစ်ကမ္ဘာလောက် ထင်နေတာ..."

"အစ်ကိုရယ်... လွန်းတင်လဲ အစ်ကိုနဲ့ထပ်တူ ခံစားရပါတယ်။ ပြီးတော့ အစ်ကို့ကို လွန်းတင် ပြောစရာရှိတယ်"

"ဟုတ်လား။ အစ်ကိုနဲ့ လွန်းတင်က စိတ်ချင်းဆက်နေသလားမသိဘူး။ အစ်ကိုလဲ လွန်းတင်ကို ပြောစရာရှိနေတယ်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"အောက်ဆင်းရအောင် လွန်းတင်"

ရှင်လွန်းတင်က ခေါင်းညိတ်သည်။ ပြီးနောက် အောက်တန်ဆောင်းအတိုင်း ဘုရားပေါ်မှ ဆင်းခဲ့သည်။

ဘုရားခြေရင်းရှိ ပန်းခြံကလေးဆီသို့ ဝင်လာခဲ့သည်။ မြေပေါ်တွင် ကြွေလွင့်နေသည့် တရုတ်စကားပင် အောက်သို့ ဝင်ခဲ့သည်။

တရုတ်စကားနံ့တို့ သင်းပျံ့လို့ရယ်...။

တရုတ်စကားပင်အောက် ရောက်လျှင် ရပ်လိုက်ကြ၏။ တစ်ဦးကိုတစ်ဦး ကြည့်ရင်း...

"အစ်ကို့ရင်ထဲက လွန်းတင့်ကို ပြောချင်တဲ့ စကားကို အရင်ပြောခွင့်ပြုနော်..."

တိုးစည်က ပြောလိုက်၏။ ပြီးနောက် တိုးစည်က ရှင်လွန်းတင်၏ လက်ဖမိုးနုနုကလေးအား ဆုပ်ကိုင်ရင်း လွန်းတင်မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"အစ်ကိုပြောလေ..."

"ပြောမှာပါ။ လွန်းတင် မငြင်းနဲ့နော်..."

"ပြောပါ..."



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို လွန်းတင်ကို ချစ်တယ်။ လက်ထပ်ချင်တယ်"

ပြောရင်း လွန်းတင်၏ ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ရင်ခွင်ထဲ နှစ်ထားလိုက်သည်။ ရှင်လွန်းတင်က မငြင်းပါ။

ရှင်လွန်းတင်က တိုးစည့် ရင်ခွင်ထဲ တိုးဝင်ပြီး ဟင့်ခနဲ တစ်ချက်ရှိုက်၏။

ရှင်လွန်းတင်၏ ရှိုက်သံသည် သူ့နှလုံးသားအား သံချွန်နှင့် ထိုးလိုက်သလို ရှိ၏။ "ချစ်တယ်ဆိုတာ နီးဖို့မဟုတ်ဘူးလေ။ ဝမ်းနည်းစရာမှ မဟုတ်တာ"ဟုပြောလိုက်ချင်၏။ မပြောဖြစ်။

"လွန်းတင် ချစ်တယ်ဆိုတာ ဘာလို့ငိုရတာလဲ။ လွန်းတင်လဲ ကိုယ့်ကိုချစ်တယ်မဟုတ်လား။ ဒါဆို ပျော်ရမှာလေ။ မငိုပါနဲ့ လွန်းတင်..."

ဟု ခရားရေလွှတ် ပြောမိသည်။ ရှင်လွန်းတင်က တစ်ချက်ရှိုက်ပြီး...

"လွန်းတင် ဝမ်းနည်းတာက မပျော်လို့ မဟုတ်ပါဘူး။ အစ်ကို့ အချစ်ကို ပိုင်ဆိုင်ရလို့ ပျော်ပါတယ်။ ဒါပေမယ့် လွန်းတင် မပျော်နိုင်ဘူး အစ်ကို..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ... ဘာဖြစ်လို့လဲ လွန်းတင်"

ရှင်လွန်းတင်က သက်ပြင်းရှိုက်ပြီး ဘာဖြစ်လို့လဲ ဆိုရင် ရှင်လွန်းတင်ဘဝက အစ်ကို့အချစ်တွေကို ထွေးပိုက် ပိုင်ဆိုင်ပြီး မပျော်နိုင်တဲ့ဘဝ မို့ပါအစ်ကို" ဟု ပြောသည်။

"ဘာဖြစ်လို့ ဒီလိုပြောရတာလဲ လွန်းတင်။ လူလူချင်း မတူတာမရှိဘူး။ အချစ်စစ်ဟာ မတူညီတဲ့ ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ အနိုင်းမဲ့ အင်အားပါ လွန်းတင်ရယ်"

"မဟုတ်ဘူး အစ်ကို။ လွန်းတင်နဲ့ အစ်ကို့ဘဝ မတူတာက ညှိမရတဲ့ မတူညီခြင်းပဲ ပြောရရင် လွန်းတင်က လူဆိုပေမယ့် လူအစစ်မဟုတ်ဘူး။ ဖန်ဆင်းထားတဲ့ လူဖြစ် နေလို့ပဲ အစ်ကို..."

"ဘာ... ဘယ်လို လွန်းတင်"

"လွန်းတင် ရှင်းရှင်းပြောမယ် အစ်ကို။ လွန်းတင်ဟာ နောက်ပွင့်မယ့် ဘုရားမှာလှူဖို့အတွက် ရတနာသိုက်ကို စောင့် နေရတဲ့ သိုက်နန်းရှင်ပဲ။ ဒါကြောင့် အစ်ကိုနဲ့ လွန်းတင်က ဘဝချင်းပေါင်းစပ်လို့ မရဘူး။ ပြီးတော့... လွန်းတင်တို့ သိုက်ကသိုက်ဆရာ အနှောက် အယှက်ကြောင့် ပြောင်းရွှေ့ တော့မယ်။ ဒါကြောင့် အစ်ကို့ကိုတွေ့ချင် ပေမယ့် မတွေ့



www.burmeseclassic.com

www.burmeseclassic.com



နိုင်တော့ သလို ဘဝပေါင်းစပ်ဖို့လဲ မလွယ်တော့ဘူး။ ဒါကြောင့် ဒီဘဝ ဒီမျှကိုပဲ သဘောထားရအောင်နော်"

"လွန်းတင်ရယ်..."

လှည့်မကြည့်...။

ကြည့်စမ်း မျက်စိအောက်က ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီ။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၄ )

သည်နောက်ပိုင်း တိုးစည်နှင့် ရှင်လွန်းတင် မတွေ့ကြတော့။ တိုးစည် နေ့စဉ် စောင့်သော်လည်း ရှင်လွန်းတင် ရောက်မလာခဲ့။

တစ်နေ့...။

ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မေတ္တာပို့ အမျှဝေပြီးအထ သင်းပျံ့သည့် မွှေးရနံ့ကို ရှူရှိုက်လိုက်ရသဖြင့် တိုးစည် ပျော်သွားသည်။

ဖျတ်ခနဲ ကြည့်လိုက်သော်လည်း ရုပ်သွင်မမြင်ရ။

"လွန်းတင် မင်း... ရောက်နေတယ် မဟုတ်လား။ မင်းကို ကိုယ်တွေ့ပါရစေ..."

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တိုးစည် ပြော၏။ မတွေ့ရ။

သို့သော် အသံကိုမူ ကြားရ၏။

"လွန်းတင်ကို မတွေ့ချင်ပါနဲ့တော့ အစ်ကို။ ဒါပေမယ့် လွန်းတင်ပြောစကားကိုတော့ နားထောင်ပြီး မှတ်ထားပါ"

"လွန်းတင် လကွယ်ညမှ သိုက်ပြောင်းရမယ်အစ်ကို။ ဒီလို သိုက်ပြောင်းတဲ့အခါမှာ ကြေးစည်သံတွေ ကြားရမယ်။ လှည်းမောင်းသံတွေ ကြားရမယ်။ ဒီအချိန် အစ်ကို့ထွက်လာခဲ့ပါ။ ဒီအသံတွေနဲ့အတူ အစ်ကို့မြွေတစ်ကောင် တွေ့လိမ့်မယ် အစ်ကို။ ဒီလိုတွေ့ရင် ဒီမြွေကို ရိုက်သတ်လိုက်ပါ။ ဒါဆို အစ်ကို့ များပြားတဲ့ ရတနာတွေ ရလိမ့်မယ်"

"ဒီရတနာရရင် တစ်ဝက်ကို အချစ်ဆုံးသော လက်ဆောင်အဖြစ် အစ်ကိုသုံးပြီး၊ တစ်ဝက်ကို ဘုရားလှူပါ။ ရှင်လွန်းတင်အတွက် အမျှပေးဝေ သာဓုခေါ်ပေးပါ အစ်ကို။ အစ်ကိုနဲ့ရှင်လွန်းတင် နောင်ဘဝမှာ နောင်ခန္ဓာနဲ့ ပေါင်းရပါစေ"

ထို့နောက် ဘာသံမှ မကြားရတော့။ သင်းပျံ့သည့် မွှေးရနံ့သည် မရှူရှိုက်ရတော့...။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လွှမ်းတင်... လွှမ်းတင်ရယ်"

* * * * * * *

လကွယ်ည...။

ရှင်လွှမ်းတင်နှင့် ဝေးရပြီဆိုသည့် အသိကြောင့် သူ့နှလုံးသားတွေ ကြေမွပျက်သုဉ်းသလို ခံစားရသည်။

ရှင်လွှမ်းတင်နှင့် ဝေးရပြီဆိုသော အသိကြောင့် ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေပြီ။ သို့သော် သူပြောခဲ့သည့် စကားတွေကိုမူ ကြားယောင်နေ၏။

"နောင်ဘဝ နောင်ခန္ဓာနဲ့ ပေါင်းကြပါစို့တဲ့လား ရှင်လွှမ်းတင်ရယ်..."

သူ... ယူကြုံးရသလို ခံစားရ၏။

သို့နှင့် လကွယ်ညရောက်သည်ကို အမှတ်ရမိသည်။ ဘာမျှလိုချင်တပ်မက်မှု မရှိသော်လည်း ချစ်သူစကား ဖြစ်သဖြင့် အလေးအနက်ထားရသည်။

သည်ညက အိပ်မရ။

ထိုစဉ်ကြေးစည်သံ၊ လှည်းမောင်းသံတွေ ကြား၏။



www.burmeseclassic.com

www.burmeseclassic.com



တိုးစည် အိမ်ထဲမှ ပြေးထွက်ခဲ့သည်။

လင်းအရုဏ် ထွက်စမို့ အလင်းရောင် မပီပြင်သေး။ လူသူအသွားအလာ မရှိသေး။

ထိုစဉ် သူ့ရှေ့တွင် ကြီးမားသည့် မြွေကြီးတစ်ကောင် တွေ့လိုက်ရသည်။

"မြွေကြီးမြင်ရင် သတ်လိုက်ပါကိုယ်။ တစ်ဝက်ကို သုံးပြီး၊ တစ်ဝက်ကို ရှင်လွှန်းတင်ကို ရည်မှန်းပြီး လှူပါ။ အမျှပေးဝေ သာဓုခေါ်ပါ။ နောင်ဘဝ နောင်ခန္ဓာနဲ့ ပေါင်းကြစို့..."

စကားတွေကို ကြားနေသည်။ သူတွေဝေနေရာမှ ဖျတ်ခနဲ ကြည့်လိုက်တော့ ပီပြင်စွာမြင်ရသည့် မြွေကြီး တဖြည်းဖြည်း မှုန်ဝါးလာကာ အမြီးပဲ ပီပြင်တော့၏။

သည်အခါမှ တိုးစည် မြွေကြီးကို ရိုက်လိုက်မိသည်။ ထို့အတူ သူရိုက်လိုက်သည့် နေရာတွင် မြွေကြီးပျောက်သွားပြီး ရွှေတုံးတစ်ချို့ကို တွေ့ရ၏။

တိုးစည် ရွှေတုံးများအား ကောက်ယူရင်း ရင်ထဲက လှိုက်မောလာ၏။ မျက်ရည်တိုက တွေတွေကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ရှင်လွန်းတင်။ ဒီရွှေတုံးတွေထုခွဲပြီး ကိုယ့်ရှင်လွန်းတင်အတွက် ရည်စူးပြီး အလှူဒါနပြုပါမယ် ရှင်လွန်းတင် သာဓုခေါ်နိုင်ပါစေ..."

"နောင်ဘဝ နောင်ခန္ဓာနဲ့ ပေါင်းရဖို့ အစ်ကို မျှော်လင့်နေပါ့မယ် ရှင်လွန်းတင်ရယ်..."

ဝန်ခံချက် ။ ။ ဤဇာတ်လမ်းကို ပြောပြသည့် ဘရွှေတင်ကို ကျေးဇူးတင်ပါသည်။

စာဖတ်သူများရဲ့...
သုတေသီသက်ထွန်းမြင့်

မင်းလေက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဖူး။ ငါတွေ့လိုက်ရတာက လက်မဲကြီး
မိမိသရဲ အခြောက်ခံရပြီ
သည်လက်မဲကြီးသည်
အောင်သူပြောသည့် လက်မဲကြီးလား…။

# လက်မဲကြီး (လက်မည်းကြီး)

သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လက်မဲကြီး (လက်မည်းကြီး)

( ၁ )

နေဝင်ရီတရော အချိန်တွင် သရဲခြောက်သည့်ဟု ဆိုလျှင် သင်မည်သို့ ခံစားရမည်နည်း။

နေဝင်ရီတရော အချိန်...။

ဆည်းဆာနု ကွန့်မြူးချိန်...။

တိတိကျကျ ပြောရလျှင် (၆)နာရီကျော်ပြီ။ သည်အချိန်သည် ကျေးလက်တောရွာများတွင် နွားရိုင်းသွင်းချိန်ဟုခေါ်မည်လား။

နေဝင်ပြီဆိုသော်လည်း အလင်းရောင် မပျောက်သေး။ ကောင်းကင်ပြင် တိမ်မိလာဇာပန်းတို့ ပွင့်လန်းနေချိန်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ကိုကျော်မြင့် ထူးထူးခြားခြား သရဲခြောက်ခံလိုက်ရပါသည်။

နေရာက ထော်လီကွေ့...။

မီးရထား သံလမ်းကို ဖြတ်ကျော်ပြီးစ...။

ပြောရလျှင်သည်စဉ်က ယာဉ်ကြောလည်း ဒီလောက်မရှုပ်သေး။ ကားကရှင်းသည်ဟု မဆိုနိုင်သော်လည်း ရှုပ်ထွေးခြင်းမရှိသေး။

တစ်ခုရှိသည်က လှပသည့် ဆည်းဆာ...။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၂ )

သည်တုန်းက ကိုကျော်မြင့် ဒေါ်ဂျစ်ကားမောင်းသည်။ ကိုကျော်မြင့် အလုံတွင် အိမ်ဆောက်ပစ္စည်းပို့ပြီး ညောင်ပင်လေးဈေးဂိတ်သို့ အပြန်...။

ကိုကျော်မြင့် ကားပေါ်တွင် သူငယ်ချင်း မြင့်လွင်ပါသည်။ ရှေ့ခန်းကထိုင်ခုံတွင် ထိုင်နေသည်။ ပူးပူးကပ်ကပ် မဟုတ်။

မြင့်လွင့် ခုံ၏ဘယ်ဘက်အစွန်ဆုံးနားတွင် ထိုင်နေသည်။ အပြင်သို့ ဦးခေါင်းထုတ်ပြီး ဘယ်လက်နှင့်ထောက်ခါ ထိုင်နေ၏။ လေညင်းခံနေသည့် ပုံမျိုးပင်။

သူ့ကို ကြည့်ရသည်မှာ ကိုကျော်မြင့်ကို စိတ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com


စားပုံမရ။ တစ်စုံတစ်ခုအား တွေးတောစဉ်းစားနေသည့် ပုံမျိုးဖြစ်သည်။

သို့သော် ကိုကျော်မြင့်၏ စိတ်ကမူ အာရုံလွှင့်ပါးနေသည်ဟု ပြောရမည်လားမသိ။ တစ်စုံတစ်ယောက်၏ အကြောင်းကို သတိရ နေသည်။ ဒါကလည်း တိုက်ဆိုင်မှုကြောင့်ဖြစ်သည်။

ဒီနေရာသို့ ရောက်တော့ သူ့ကိုသတိရမိပြန်၏။ သူက အခြားသူမဟုတ်။

ကိုကျော်မြင့် သူငယ်ချင်း အောင်သူဖြစ်၏။ ကိုကျော်မြင့်နှင့် အောင်သူက ကျောင်းနေဘက် ငယ်သူငယ်ချင်းဖြစ်၏။ ပြီးတော့ အရွယ်ရောက်ပြီး အိမ်ထောင်ရက်သားကျတော့လည်း လောကထဲ အတူရောက်ခဲ့သည်။

အောင်သူက တက္ကစီခေါ် အငှားကားမောင်းပြီး၊ ကိုကျော်မြင့်က ဒေါ့ဂျစ်မောင်းသည်။ ပြီးတော့ ကိုကျော်မြင့်နှင့်အောင်သူက နေ့ခင်းသို့ရောက်လျှင် အမြဲတွေ့သည်။ လက်ဖက်ရည်ဆိုင်ထိုင်ကြသည်။

ပြောရလျှင် သည်နေ့ အခင်းမဖြစ်မီ အချိန်ကလည်း


www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင် အဲတူထိုင်ကြသည်။ တစ်နာရီ ကျော်ကျော် ၌လက်ဖက်ရည်ဆိုင်မှ လူခွဲကြသည်။

ထိုနေ့က ကားသိမ်းပြီး အိမ်သို့ပြန်ခါနီး မှတ်မှတ်ရရ ညနေ(၆)နာရီကျော်ကျော် အချိန် မင်္ဂလာမရှိသည့် သတင်း တစ်ခု ကြားရသည်။

ထိုသတင်းက အခြားမဟုတ်။

ကားသိမ်းပြီး အိမ်အပြန်။ ကားကကြည့်မြင့်တိုင်ရှိ အုံနာအိမ်သို့သွားအပို့ ထော်လီကွေ့သို့ရောက် ကားရှေ့မှ ဖြတ်ပြေးသွားသည့် မိန်းကလေးတစ်ဦးကိုရှောင်ရင်း လော်လီ ကားနှင့် မျက်နှာချင်း ဆိုင်တိုက်မိခဲ့သည်။

သတင်းကြားကြားခြင်း ယာဉ်တိုက်မှုဖြစ်သည့် နေရာ သို့ကိုကျော်မြင့် အရောက်သွားသည်။ အခင်းဖြစ်သည့် နေရာ ၌လူအုံနေသည်။

အောင်သူ့ကားက ယာဉ်မောင်းသူဘက်တွင် ပိန်လိန် ကြေမွနေသည်။ အောင်သူက ကားထဲ၌ ရှိသေး၏။ မထုတ် ရသေး။ သွေးအလူးလူးနှင့် မြင်မကောင်း။

"ကားသမားက ဖြတ်ပြေးတဲ့ မိန်းကလေးကို ရှောင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ ရှောင်ရင်း တိုက်မိသွားတာ။ မိန်းကလေးကတော့ ကံကောင်းတယ်...”

“ကားဆရာကတော့ ကံဆိုးပါတယ်...”

တစ်ယောက်တစ်ပေါက် စကားသံတွေကို ကိုကျော်မြင့်ကြားရသည်။ သူငယ်ချင်းဖြစ်သူကို ကြည့်ရင်း စိတ်မကောင်းဖြစ်ရသလို၊ ဘာမှ စဉ်းစားမနေတော့ဘဲ အောင်သူကို ကားထဲမှ သယ်ထုတ်ခဲ့သည်။

ကားပြင်ရောက်မှ အောင်သူကို ကြည့်မိသည်။ မျက်နှာတပြင်လုံး သွေးချင်းချင်း နီရဲနေ၏။ နှာခေါင်းနား သက်ရှိ/မရှိ ကပ်ကြည့်တော့ အသက်ငွေ့ငွေ့ ရှိသေး၏။

“သူ့ကို ဆေးရုံပို့ဖို့ လုပ်ကြပါ။ သူသွေးထွက်လွန်ပြီး သေသွားနိုင်တယ်...”

ဟုပြောရင်း အောင်သူ့ကို ကြည့်ကာ “အောင်သူ မင်း... အားတင်းထား။ ငါရှိတယ်”ဟု ကိုကျော်မြင့် ပြောလိုက်သည်။

သည်အခိုက် အောင်သူ သတိရလာသည်ကား။



www.burmeseclassic.com

www.burmeseclassic.com



"ကျော်မြင့် သတိထား… လက်မဲကြီး… လက်မဲကြီး…"

ဟု ခပ်တိုးတိုး အသံနှင့်ပြောရင်း ဇက်ကျိုးကျသွားသည်။ အောင်သူ လှုပ်ရှားမှုကို မမြင်ရတော့။ အောင်သူ ငြိမ်ကျသွားသည်။ အောင်သူ သေပြီ။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

ကိုကျော်မြင့် သည်နေရာသို့ ရောက်တော့ သည်နေရာ၌ ယာဉ်တိုက်ပြီး အသက်ဆုံးသွားရသည့် သူငယ်ချင်းအောင်သူကို သတိရမိသကဲ့သို့ သူ၏မသေမီ ပြောသွားသည့် စကားသံကို ကြားယောင်မိသည်။

"ကျော်မြင့်... လက်မဲကြီး... လက်မဲကြီး..."

ဆိုသည့် စကားသံပင်။ လက်မဲကြီးဆိုသည်က ဘာကို ဆိုလိုသနည်း။

"လက်မဲကြီးက... ဘာလဲ..."

ကိုကျော်မြင့် စဉ်းစားမရ။ တွေးရင်း ရှုပ်ထွေးသည်ပို



www.burmeseclassic.com

www.burmeseclassic.com



ခံစားခဲ့ရ၏။ ရင်ထဲ၌လည်း မွန်းကြပ်ကြပ် ဖြစ်လာသဖြင့် သက်ပြင်းမောကို ချလိုက်မိ၏။

သို့နှယ်ပင် စိတ်ထဲ၌လည်း တုန်လှုပ်သလို ခံစားလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် ကားသည် ညာယာဉ်ကြောမှ လာနေရာမှ ဘယ်ယာဉ်ကြောဆီသို့ ဦးတည်သွားသောကြောင့် ဖြစ်၏။

ကိုကျော်မြင့် စတီယာရင်အား တစ်ဖက်သို့ ဖွဲလှည့်လိုက်ပြီး ဆတ်ခနဲ ကြည့်လိုက်ရာ ကြီးမားသည့် ဘယ်လက်တစ်ချောင်းကို မြင်လိုက်ရ၏။ လက်က ဆုတ်သွားပြီ။

လက်က ကြီးမားတုတ်ခိုင်ပြီး မဲနက်နေ၏။

"ဟာ... လက်မဲကြီး... လက်မဲကြီး..."

ကိုကျော်မြင့် အလန့်တကြား ပြောလိုက်၏။

ထို့ကြောင့် ဘယ်ဘက်ဘေးတွင် ဖိမ်နှင့်ထိုင်နေသည့် မြင့်လွင်က ပြူးပြူးပြာပြာ ကြည့်ပြီး...

"ကိုကျော်မြင့် ဘာဖြစ်တာလဲ။ ဘယ်က လက်မဲကြီးလဲ..."

ဟုမေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့်က ဘာမှမပြော။ ကားကို လမ်းဘေးသို့ ထိုးချရပ်လိုက်ပြီး...

"မင်း... စတီယာရင်ကို ဆွဲလိုက်သေးလား..."

ဟု ကားရပ်ပြီးလျှင် မေးလိုက်၏။

"ကိုကျော်မြင့် ဘာပြောတာလဲ။ ကျွန်တော်... ဘာဖြစ်လို့ စတီယာရင်ကို ဆွဲရမလဲ။ လက်မဲကြီးဆိုတာ ဘာလဲ..."

ကိုကျော်မြင့် တုန့်ပြန်မပြောဘဲ မြင့်လွင်လက်ကို ဆွဲယူ ကြည့်လိုက်၏။ မြင့်လွင်က တရုတ်ကပြားဖြစ်သဖြင့် လက်ကဖြူနေ၏။ ပြီးတော့ သေးသွယ်၏။

"မဟုတ်ဘူး... မင်းလက် မဟုတ်ဘူး။ ငါတွေ့တာက လက်မဲကြီး..."

ဟုပြောရင်း အောင်သူပြောခဲ့သည့် လက်မဲကြီးကို သတိရမိသည်။ မိမိသရဲအခြောက်ခံရပြီ။

လက်မဲကြီးသည် အောင်သူအား သေတွင်းပို့ခဲ့သည့် လက်မဲကြီးလား...။

စာဖတ်သူများရဲ့...
သုတေသီသက်ထွန်းမြင့်

မင်းလက်ရာစာစဉ

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ပရလောကရဲ့ ဆန်းကြယ်မှုလေး...

ဖုတ်ဝင်သည် မောင်သီဟလည်း

ကျွတ်လွတ်သွားသလို

မကျေးဥလည်း ကျွတ်လွတ်သွားပြီ ထင်ပါရဲ့...။

## သရဲဒါဂ်

သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သရဲအိမ်

( ၁ )

ကျွန်တော်က တစ်စုံတစ်ခုကို စိတ်ဝင်စားပြီး အာရုံ ကျပြီဆိုလျှင် တစိုက်မတ်မတ် လုပ်တတ်သည့် အလေ့အထ ရှိသည်။

ကျွန်တော်က ဝိဇ္ဇာဘာသာရပ်၊ ဂမ္ဘီရလည်း စိတ်ဝင် စားတုန်းက ဂမ္ဘီရနှင့် ပတ်သက်၍ ခုနစ်နှစ် လေ့လာခဲ့သလို ယခုတစ်ခါ သရဲအကြောင်းကို အပင်ပန်း အဆင်းရဲခံ လေ့လာ သုတေသနပြုခဲ့သည်။

တစ်ခါ၊ သရဲနှင့် ပတ်သက်သည့် စာအုပ်စာပေများကို



www.burmeseclassic.com

www.burmeseclassic.com



အရအမိ ရှာဖွေဖတ်ခဲ့သလို နောက်လဲ... သရဲ၊ တစ္ဆေ အကြောင်း စူးစမ်းသည်။

ကျွန်တော်က ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သည်။ ပေတ၊ ပြိတ္တာရှိသည်ဟု ယုံကြည်သူဖြစ်သည်။ ပြိတ္တာသည် ယနေ့လူအများ သုံးနှုန်းခေါ်ဝေါ်ကြသည်။ တစ္ဆေ၊ သရဲ အမျိုးအစားပင် ဖြစ်၏။

ခေတ်စကားနှင့် ပြောရလျှင် သရဲ၊ တစ္ဆေတို့၏ မျိုးရင်းသည် ပြိတ္တာဖြစ်၏။

ယင်းသို့ သရဲ၊ တစ္ဆေကို ယုံကြည်သဖြင့် သူတို့ မည်သည့် ဘဝမျိုးဖြစ်သည်။ ဘယ်သို့ နေထိုင်ကျက်စားကြ သည်ကို စူးစမ်းလေ့လာသည်။

သရဲ၊ တစ္ဆေ အခြောက်ခံရသူများ၊ သရဲ၊ တစ္ဆေနှင့် တွေ့ကြုံဖူးသူများနှင့် တွေ့လျှင် စူးစမ်း သုတေသနပြု၏။ စာတစ်စောင်၊ ပေတစ်ဖွဲ့ရေးသင့်သည့် အကြောင်းအရာ တို့အား ရေးသားခဲ့သည်။

ယခု ကျွန်တော် ရေးပြမည့် 'သရဲအိမ်'ဆိုသည်မှာ လည်း ကျွန်တော် စူးစမ်းသုတေသနပြု၍ ရသမျှ ရေးသားခဲ့ ခြင်းဖြစ်၏။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ကျွန်တော်က ခရီးသွားခြင်းကို ဝါသနာထုံ၏။ အားလပ်လျှင် အားလပ်သလို ခရီးသွားသည့် အလေ့အထ ရှိ၏။

တစ်ခါသော် ကျွန်တော်သည် အညာကျေးလက် ဒေသသို့ ခြေဆန့်ခဲ့၏။ တစ်ခုသော အညာကျေးလက်၊ ညောင်ပင်သာဟုခေါ်သည့် ရွာကလေးတစ်ရွာ ရောက်ခဲ့၏။

ညောင်ပင်သာရွာက ရွာကြီးမဟုတ်သလို ရွာငယ် လည်းမဟုတ်။ အိမ်ခြေတစ်ရာနီးပါးရှိသည့် ရွာကလေး တစ်ရွာဖြစ်၏။

ရွာသူ၊ ရွာသားတို့သည် ရိုးသားအေးဆေးကြ၏။ ဖော်ရွေပျူငှာလှသည်။ ကျွန်တော် ညောင်ပင်သာသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့်က ကျွန်တော်နှင့် အင်းစိန်တောရ၌ ခင်မင်ခဲ့သည့် ကျော်သန်းဆိုသည့် မိတ်ဆွေတစ်ဦး၏ ဖိတ်ခေါ်မှုကြောင့် ရောက်ခဲ့ခြင်းပင်။

သို့သော် ထူးဆန်းသည်က ကျွန်တော် ညောင်ပင်သာသို့ ရောက်တော့ ညောင်ပင်သာ၌ ကျော်သန်းသည် မရှိတော့။ နောင်လည်း ရှိမည်မဟုတ်တော့သလို ဘယ်တော့မှ လည်း တွေ့နိုင်မည် မဟုတ်ပြီ။

တိကျစွာပြောရလျှင် ကျော်သန်းက သေသွားပြီ ဖြစ်၏။ ကျွန်တော် ညောင်ပင်သာသို့ ရောက်သည့်နေ့က ကျော်သန်း သေဆုံး ပြီးလုလည်ဆွမ်းသွပ်သည့်နေ့ ဖြစ်၏။

ညောင်ပင်သာရွာက လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလှသည့်ရွာမဟုတ်။ သို့ကြောင့်လည်း ကျွန်တော် ချက်ခြင်း ရန်ကုန်သို့ မပြန်နိုင်ခဲ့။

"ဘာမှ အားမငယ်ပါနဲ့။ စိတ်လည်း မပျက်ပါနဲ့။ ကျော်သန်း မရှိတော့ပေမယ့် ကျော်သန်းဟာ ဒီရွာသားဖြစ်တဲ့ အတွက် ဒီရွာသား ကျော်သန်းဆီ ရောက်လာတဲ့ ဧည့်သည် ဟာလဲ ဒီရွာရဲ့ ဧည့်သည်ပဲပေါ့။ အပန်းဖြေပါဦး။ ကျွန်တော် တို့ဧည့်ဝတ်ပြုပါရစေ..."

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ချိုသာပျူငှာစွာ စကားဆိုကြ၏။ ကျွန်တော့်မှာလည်း ရေငတ်တုန်း ရေတွင်းထဲကျ ဆိုသည့်စကားနှယ်။ ကျော်သန်း မရှိသဖြင့် ချက်ခြင်းပြန်ရအောင်လည်း မပြန်နိုင်တဲ့ အခြေအနေမျိုး ကြုံနေစဉ် ဤသို့ဆိုသဖြင့် အားနာသော်လည်း ချော်လဲရောထိုင် လိုက်ရ၏။

"အေးဗျာ... အားတော့နာပါတယ်..."

ဟုဆိုတော့ "အားမနာနဲ့ဆရာ။ ကျွန်တော်တို့ရွာက ဧည့်သည်ကို ခင်မင်တတ်သလို၊ ဧည့်သည်မျှော်တဲ့ရွာပါ။ ရောက်တုန်း ရောက်ခိုက် လေ့လာစရာရှိရင် လေ့လာပါ"ဟုဆို၏။

"ကျေးဇူးပါပဲ..."

* * * * * * *

ဘုရားတကာက ရောက်လေရာ ဘုရားတည်ဖို့ စဉ်းစားသည်မှာ ဓမ္မတာ...။ ဘုရားတကာသည် သဲကန္တရာရသို့ရောက်လျှင် သဲပုံစေတီ တည်မည်မှာ မုချဖြစ်၏။

ကျွန်တော်ဆိုသည့် ကျွန်တော်ကလည်း သရဲ၊ တစ္ဆေအကြောင်း စူးစမ်းသုတေသနပြုနေသူဖြစ်သဖြင့် ညောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



သာရှာသို့ရောက်တော့ ညောင်ပင်သာရွာသားများနှင့် စကားဝိုင်းဖွဲ့ရင်း...

"ကျွန်တော်က သရဲ၊ တစ္ဆေအကြောင်း သုတေသနပြု စုးစမ်း လေ့လာနေသူဖြစ်တဲ့အတွက် ထူးဆန်းတဲ့ သရဲ၊ တစ္ဆေအကြောင်း များရှိရင်တော့ သိချင်သဗျာ..."

ဟုဆိုရာ ဦးလူလူဆိုသည့် ပုဂ္ဂိုလ်ကြီးက "စာရေးဆရာက သရဲ၊ တစ္ဆေအကြောင်း စိတ်ဝင်စားတယ်ဆိုရင်တော့ ဒီရွာစွန်က 'သရဲအိမ်ကြီးအကြောင်းကို ပြောပြချင်တယ်"ဟု ပြော၏။

"သရဲအိမ်က အခုရှိသေးလား..."

"အခုတော့ သရဲအိမ်ကြီးဟာ ပီပီပြင်ပြင် မရှိတော့။ ရွာသားတွေ မီးရှို့လိုက်လို့ မီးလောင်သွားပြီ။ အခုဆို မီးလောင်တိုင်ငုတ်အဖြစ် နဲ့တော့ တချို့တစ်ဝက် ရှိသေးတယ်။ ဒါပေမယ့် အဖြစ်ကတော့ ကြာပြီကွဲ"

ဟုဆိုသည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ စိတ်ဝင်စားပါတယ်။ အခွင့်သင့်ရင်လဲ ဒီနေရာကို သွားကြည့်ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ ဒီသရဲအိမ်ကြီးအကြောင်းကို ဘပြောပြနိုင်ပါသလား။ ပြောပြမယ်ဆိုရင် နားထောင်ချင်ပါတယ်"

"မောင်ရင် သိချင်ရင်တော့ ပြောပြပါမယ်။ အဖြစ်ကတော့ ရင်နာစရာ ကောင်းတာတော့ အမှန်ပဲကွယ့်"

ဟုဆိုကာ စိတ်ဝင်စားဖွယ် ကောင်းသည့် သရဲအိမ်ဇာတ်ကြောင်းအား ဦးလူလှက စီကာပတ်ကုံး ပြောပြပါသည်။

မှန်ပါသည်။

သရဲအိမ် ဇာတ်လမ်းက အမှန်တကယ်လည်း စိတ်ဝင်စားဖွယ် ရင်နင့်ဖွယ် ဖြစ်သတည်း။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ဤသရဲအိမ် ဇာတ်ကြောင်းကို ပြောမည်ဆိုလျှင် မလှပသည့် 'မကျေးဥ' ဇာတ်ကြောင်းက စရမည်လား၊ သို့မဟုတ် မကျေးဥ မိခင် စုန်းမဟု သတင်းကြီးသည့် ဒေါ်အိုစာက စရမည်လား မသိ။

တစ်ခုရှိသည်က ဒေါ်အိုစာသည် ညောင်ပင်သာရွာသူဖြစ်၏။ နှုတ်ကြမ်း၏။ ရုပ်ဆိုး၏။ ဒေါ်အိုစာသည် ခင်ပွန်းသည်ရှိစဉ်က အေးဆေးသူဖြစ်သော်လည်း ခင်ပွန်းသည်သေဆုံးသွားသည့် နောက်ပိုင်း နှုတ်ကြမ်းသူ အပြောဆိုသူဖြစ်ခဲ့သည်။

ဒေါ်အိုစာနှင့် ပြဿနာဖြစ်သူတိုင်း ကြမ္မာဆိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြုံရသည်။ ထို့ကြောင့် မကျေးဥ ကိုယ်ဝန်ရှိချိန်တွင် ရွာက ဒေါ်အိုစာကို စုန်းမဟု သမုတ်ပြီး ရွာမှအနှင်ခံခဲ့ရသည်။

ရွာပြင်တွင် နေရသည်။ ရွာပြင်၌ပင် ဒေါ်အိုစာ မကျေးဥကို မွေးခဲ့သည်။

မကျေးဥက နွဲ့နှောင်းသည်။ ချစ်စရာကောင်းသည်။ သို့သော် ဒေါ်အိုစာအား စုန်းမဟု ကမ္ပည်းတင်ထားသဖြင့် မည်သည့် ကာလ သားမှ မကျေးဥ၏အနားသို့ မကပ်ရဲကြ။

ဤသို့ဖြင့် မကျေးဥသည် အထီးကျန်စွာ ရွာပြင်၌နေခဲ့ရ၏။ ဤသို့ဖြင့် မကျေးဥ အရွယ်ရောက်လာသည့်အခါ မောင်သီဟဆိုသည့် တစ်ရွာသားနှင့် အကြောင်းပါခဲ့၏။

ထို့ကြောင့် အိမ်နှင့်မနီးမဝေးတွင် ယာစိုက်၍ အသက်မွေးခြင်းပြုကြရ၏။ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြ၏။

"စိတ်ချ ကျေးဥ... ကျေးဥဟာ အစ်ကို့ဘဝပဲ။ အစ်ကိုနဲ့ကျေးဥ တစ်သက် မခွဲတမ်းနေကြမယ်"

"ကျေးဥ... ကိုသီဟကို ယုံပါတယ်။ ကိုသီဟ အချစ်တွေနဲ့ ကျေးဥဘဝ ပွင့်လန်းနေနိုင်တာကိုပဲ ကျေးဥ ကျေနပ်ပါပြီ"

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

မောင်သီဟနှင့် မကျေးညဘဝတွင် ပတ်ဝန်းကျင် မရှိသော်လည်း ရှိနေသားသောအချစ်နှင့် ဘဝသည် ပြည့်စုံခဲ့၏။ သာယာခဲ့၏။

ထိုအချိန်တွင် မကျေးည ဝမ်းပိုက်၌ တစ်ဦးစီ၏ နှလုံးသွေးတစ်ဝက်စီနှင့် ဖွဲ့တည်ထားသည့် ရင်သွေးကို မကျေးည လွယ်ခဲ့ရ၏။

"ကျေးည ရင်ထဲမှာ အစ်ကို့ရင်သွေးလေး ရှိနေပြီကို..."

ဟု ကျေးညက ဆိုတော့ မောင်သီဟ ဝမ်းသာခဲ့ရ၏။

"ဟုတ်လား ကျေးည။ ဒါဆို ဝမ်းသာစရာပေါ့။ ကိုယ် ပျော်တယ် ကျေးညရယ်..."ဟု ဆိုခဲ့၏။

သို့သော် သူတို့နှစ်ဦး၏ ဝမ်းသာမှုသည် မရှည်ကြာခဲ့ပါ။ ကြမ္မာဆိုးက သူတို့နှစ်ဦးဘဝအား မွှေနှောက် ဖျက်စီးလိုက်သောကြောင့် တည်း။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၄ )

တစ်ည...။

မောင်သီဟနှင့် ဇော်ကျူးဥ အိပ်ရာဝင်ချိန်။

"ဟော့... ဘယ်သူလဲ တံခါးဖွင့်စမ်း"

ဟု ကြမ်းတမ်းစွာ တံခါးကိုထုရိုက်ပြီး ပြောသံပေါ်လာသဖြင့် တံခါးဖွင့်ပေးလိုက်ရ၏။ လက်နက်ကိုင် လူတစ်စုပင်။

"ကျွန်တော်တို့မှာ ဘာမှမရှိပါဘူးဗျာ။ ကျွန်တော်တို့ကို ချမ်းသာပေးပါ..."

"တို့ကလည်း မင်းတို့ကို ဓားပြတိုက်တာ မဟုတ်ဘူး။ ခရီး သွားရင်း အထမ်းသမားလိုလို့ ဝင်ခေါ်တာ။ မင်းတို့နဲ့ လိုက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာ ဒီလင်၊ ဒီမယား နှစ်ယောက်တဲ ရှိတာပါ။ ကျွန်တော်သာ မရှိရင်မဖြစ်လို့ မလိုက်ပါရစေ နဲ့ခင်ဗျာ"

"အို... ဘာမှမသိဘူး။ တို့အမိန့်ကို မနာခံရင် နှစ်ယောက်စလုံး သတ်ပစ်မယ်"

သည်တော့ မောင်သီဟ ဘာမှမပြောချင်တော့။ တရားမရှိသည့် တရားခွင်၌ အမှန်သည် အဘယ်မှာရှိမည်နည်း။ သို့ဖြင့် လိုက်ခဲ့ရ၏။

"ကိုယ်ဆက်ဆက် ပြန်လာမယ် ကျေးဥ။ ခဏ အားတင်းထားနော်..."

"စိတ်ချပါကိုယ်။ ကျေးဥ စောင့်မျှော်နေမှာပါ..."

ဤသို့ဖြင့် မောင်သီဟ လက်နက်ကိုင်တို့နောက် လိုက်သွားရသည်။

* * * * * * *

ကျွန်တော်က စိတ်ဝင်စားစွာ နားထောင်ရင်း "ဒါထက် အဘ ကျွန်တော် ဖြတ်မေးပါရစေ။ မောင်သီဟ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသလား…၊ ကျေးဥ အခြေအနေကကော…”ဟု မေးတော့ အဘ ဦးလူလှက ကြေကွဲရိပ်ဝေ သောမျက်ဝန်းနှင့် အဝေးကိုကြည့်ပြီး…

“သူပြန်လာမယ်ကွဲ့။ သူဟာ ပြန်လာပေမယ့် ကျေးဥဘဝကို မသိခဲ့ဘူး”

“ဗျာ… ဘယ်လို အဘ”

ဦးလူလှက သက်ပြင်းချပြီး…

“ဟုတ်တယ်ကွဲ့။ မောင်သီဟ ပြန်လာတော့ မကျေးဥ မရှိတော့ဘူးလေ။ မကျေးဥက မောင်သီဟနဲ့ သူ့ ရင်သွေးကိုမွေးရင်း ကလေးမမွေးနိုင်လို့ သေသွားခဲ့တယ်။ သေတာတောင် ရွာကအတော် ကြာမှသိရတာ။ မကျေးဥ ရုပ်အလောင်း သွားမြှုပ်ပေးတော့ ပုပ်စပြုနေပြီ…”

ဟုပြော၏။ ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ စိတ်မကောင်းသဖြင့် စုတ်သပ်ရင်း “ဖြစ်ရလေ အဘရယ်…” မောင်သီဟ ပြန်လာတော့ အကျိုးအကြောင်း ရွာကိုမမေး ဘူးလား”ဟု မေးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးလူလှက ခေါင်းခါပြီး...

"လာ... မမေးဘူးလေ။ ဒီအိမ်မှာပဲ နေတယ်။ ရွာသားတွေ ပြောစကားအရဆိုရရင် ဒီအိမ်မှာ မကျေးဥ သေသွားပြီးတဲ့နောက်ပိုင်း မကြာခဏ အိမ်ရှေ့မှာကလေးချီထားတဲ့ မိန်းမတစ်ယောက် တွေ့ရတယ်လို့ပြောတယ်။ အခြားရွာက ခရီးသည်တွေလဲ တွေ့တယ်လေ။ နောက်မှ သိရတာက မောင်သီဟဟာ ပြန်လာပြီး ဒီအိမ်မှာ မကျေးဥ နဲ့အတူနေတယ်။ မကျေးဥကလည်း မကျွတ်မလွတ်ဘဝကို ဖုံးကွယ်ပြီး မောင်သီဟနဲ့ ပေါင်းနေတယ်ပေါ့ကွယ်..."

"ဟင်... ဒါကို မောင်သီဟ မသိဘူးပေါ့..."

"အစက မသိဘူး။ နောက်မှာ မကျေးဥဟာ လူသားစင်စစ်မဟုတ်ဘဲ၊ သရဲမဘဝက လူဟန်ဆောင်ပြီး ပေါင်းနေတာကို သိသွားတော့ မောင်သီဟ ဒီအိမ်ကပြေးခဲ့တယ်။ သည်တော့ မကျေးဥဟာ ရွာထဲပြေးလာတဲ့ ခင်ပွန်းသည် မောင်သီဟ နောက်လိုက်လာရုံမကဘူး။ ရွာသားတွေကို ခြောက်လှန့်တာတွေ လုပ်လာတော့ ရွာသားတွေကိုယ်တိုင် ဒီအိမ်ကလေးကိုသွားပြီး မီးရှို့ခဲ့တာလေ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြသည်။

"ဟင်... စိတ်ဝင်စားစရာပဲ။ ဖြစ်နိုင်ရင် ဒီနေရာကို ကျွန်တော် သွားကြည့်ချင်တယ်..."

"အဘ... စီစဉ်လာပါ့မယ်။ မောင့်ရင့်အတွက် ဇာတ်လမ်းတစ်ပုဒ်ရတာပေါ့..."

"ကျေးဇူးပါပဲ အဘရယ်..."

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

ကျွန်တော်သည် ဦးလူလှ စီစဉ်ပေးသဖြင့် 'သရဲအိမ်' အဖြစ် သတင်းမွှေးခဲ့သည့် အိမ်ယာကလေးကို မီးလောင်ပုတ် အဖြစ် မြင်တွေ့ရ၏။

ကျွန်တော် 'သရဲအိမ်'ယာကလေးကို ကြည့်ရင်း... "ခုကော... မကျေးဥက နှောင့်ယှက်သေးသလား"ဟု မေးရင်း

"မောင်သီဟကကော ဘယ်ရောက်သွားသလဲ"ဟု မေးလိုက်၏။

"မောင်သီဟလဲ သေပြီလေ..."

"ဗျာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ သေသွားပြီ။ ပြောရရင် မောင်သီဟာ ဒီကို ပြန်ရောက်လာတာကလဲ လူအဖြစ်နဲ့ မဟုတ်ဘူးလေ။ ပရလောကသား 'ဖုတ်ဝင်သည်'အဖြစ်နဲ့ ရောက်လာတာ...။ ဒီကိစ္စကို ဆရာတော် ဦးစန္ဒိမာ သိလို့ပေါ့ကွယ်။ နို့မို့ မလွယ်ဘူး..."

"ဆရာတော်က ဘယ်လိုလုပ်လိုက်လဲ..."

"ပြောရရင် ဒီကိစ္စက ပရလောကရဲ့ ဆန်းကြယ်မှု တစ်ခုဖြစ်သလို ရင်နာစရာလဲ ကောင်းတယ်။ ဆရာတော်က ဒီအကြောင်းတွေသိတော့ ဖုတ်ဝင်သည်အဖြစ် ရောက်လာတဲ့ မောင်သီဟာကို ပူးကပ်နေတဲ့ ဖုတ်ကိုထုတ်လိုက်ပြီး မောင်သီဟာ ဘဝကို ရှင်းထုတ်လိုက်တယ်။ မကျေးဥရဲ့ မကျွတ်မလွတ်တဲ့ ဘဝကိုလည်း ဆရာတော်ကိုယ်တိုင် ရွာသားတွေနဲ့တိုင်ပင် ညှိနှိုင်းပြီး မောင်သီဟာနဲ့ မကျေးဥတို့အတွက် ရည်စူးပြီး အလှူဒါနပြု အမျှပေးဝေခဲ့သလို သာဓု အနုမောဒနာနဲ့ သူတို့က လွတ်လပ်မှုကို ရစေခဲ့တယ်လေ။ ခုဆို... သူတို့ ကျွတ်လွတ်သွားလောက်ပါပြီ..."

အဘ ဦးလူလှက စိတ်ရှည်လက်ရှည်နှင့် ရှင်းပြပြီး



www.burmeseclassic.com

www.burmeseclassic.com



အာခြောက် သွားသည်ထင် ရေတစ်ခွက်ကို ဆွဲယူသောက်လိုက်၏။

အဘ ဦးလူလှကိုကြည့်ရင်း...

"ဒီဇာတ်ကြောင်းကလေးက... ရင်နာစရာ ကောင်းသလို၊ စိတ်ဝင်စားစရာ ကောင်းတာမို့ ကျွန်တော် ဝတ္ထုပြန်ရေးဖို့ စိတ်ကူးမိတယ်။ အဘတို့ ခွင့်ပြုပါနော်..."ဟု ခွင့်တောင်းလိုက်၏။

"ရေးပါကွယ်... ရေး။ မင်းတို့ရေးတာ အဘတို့ မဟာနိ့တားပါဘူး။ ဒါဟာ ပရလောကရဲ့ ဆန်းကြယ်မှုလေး။ ဖုတ်ဝင်သည်လည်း ကျွတ်လွတ်သွားသလို၊ မကျေးဥလည်း ကျွတ်လွတ်သွားပြီ ထင်ပါရဲ့"

ဟုပြောရင်း သက်ပြင်းမောကို ဟင်းခနဲ ချလိုက်သည်။

စာဖတ်သူများရဲ့...

သုတေသီသက်ထွန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



သည်ရွာသို့ ကျွန်တော်ရောက်ခဲ့သည်။

သို့သော်… သည်ရွာက လူ့ရွာမဟုတ်

ကျွတ်ရွာ… ကျွတ်ရွာ…

# ကျွတ်ရွာသို့

# အလည်တစ်ခေါက်

သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ကျွတ်ရွာသို့ အလည်တစ်ခေါက်

( ၁ )

"ကျွတ်ရွာ..."

"ကျွတ်ကုန်း"

... စသည့် စကားတို့သည် ရှေးမဆွ ကတည်းက ပေါ်ပေါက်ခဲ့သည်။ ကျွတ်ကုန်း၊ ကျွတ်ရွာ ရှိရာနေရာတွင် လုပ်ကိုင်စားသောက် သူတို့က ကျွတ်တို့အား ကျွေးမွေး တောင်းပန်ရသည်။

ခွင့်တောင်းရ၏။

သို့နှယ်ပင် ကျွတ်အကြောင်းပြောလျှင် ကျွတ်တို့



www.burmeseclassic.com

www.burmeseclassic.com



သည် ရှာတည်၍ နေကြကြောင်း၊ လူတို့အား ကြည့်စယ် တတ်ကြောင်း။ ပျူဘ္ဓာစွာ ညည့်ခံကြိုဆိုတတ်ကြောင်း မှတ်တမ်း များရှိသည်။

ပျော်ရွှင်စွာ လည့်နေတတ်ကြောင်း သိရသည်။

* * * * * * *

မင်းလောက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ယခု စာရေးသူ တင်ပြသည့် အကြောင်းသည် ဘျတ်ရွာသို့ ရောက်ခဲ့သည်။ ကိုတင်စိန်၏ အကြောင်းဖြစ်သည်။

ကိုတင်စိန်သည် မှောင်ခိုလုပ်ငန်း လုပ်ကိုင်နေသူ။ ဘိတိကျကျ ပြောရလျှင် သူသည် မှောင်ခိုသမားတို့ထံတွင် ပစ္စည်းများ သယ်ပို့သူ။

တစ်ခါသော် ကိုတင်စိန်သည် တောလမ်းခရီးမှ မှောင်ခိုပစ္စည်း သယ်ပိုးလာစဉ် မှောင်ခိုသမားတို့နှင့် တပ်မတော်တို့ တွေ့ဆုံ ပြီးတိုက်ပွဲဖြစ်ခဲ့၏။

မှောင်ခိုအဖွဲ့၌ လက်နက်ကိုင်များရှိ၏။ ထိုသူများက



www.burmeseclassic.com

www.burmeseclassic.com



တော တွင်းလက်နက်ကိုင်များ။ ထို့ကြောင့် မမျှော်လင့်ဘဲ တွေ့ကြုံလျှင် တပ်မတော်သားတို့က မှောင်ခိုအဖွဲ့အား ဖမ်းဆီးရန်ကြိုးစားခဲ့သလို၊ မှောင်ခိုအဖွဲ့အား စောင့်ကြပ်လိုက်လာသူတို့က ခုခံ၏။

သို့နှင့် တိုက်ပွဲဖြစ်ကြသည်။

တပ်မတော်မှ အသာစီးရတော့ မှောင်ခိုအဖွဲ့နှင့် အစောင့်အကြပ် လက်နက်ကိုင်သူများ ကိုယ်လွတ်ရုန်းပြေးရ၏။

ထိုအချိန်၌ မိမိအသက်သည်သာ တန်ဖိုးအရှိဆုံးဖြစ်၏။

ပြောရလျှင် ကိုတင်စိန်သည် ကိုယ်လွတ်ရုန်းပြေးရင်း ကျတ်ရွာသို့ ရောက်ခဲ့ခြင်းဖြစ်သည်။ ကိုတင်စိန်သည် အသက်လု ကိုယ်လွတ်ရုန်း ပြေးရသဖြင့် အချိန်ကိုမသိ။ ဘယ်နေရာကို ရောက်နေသည်မသိ။

အန္တရာယ်နှင့် ကင်းဝေးသည့် နေရာသို့ရောက်တော့ အတော်ပင်ပန်းနေပြီ။ မနက်ကလည်း ထမင်းမစားရသေးသဖြင့် ဗိုက်ထဲက ပိုးမျိုးတို့က ဆန္ဒပြအရေးဆိုခြင်းခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြေးလာရသဖြင့် ဒူးတွေတုန်ပြီး မလှုပ်ချင်တော့။ ထို့ကြောင့် သစ်ပင်ကိုမှီကာ အမောဖြေရင်း အိပ်ပျော်သွားသည်။

ဘယ်လောက် အိပ်ပျော်သွားသည်မသိ။ အချိန် ဘယ်လောက်ကြာသွားသည် မသိ။

အိပ်ယာမှ နိုးလာတော့ မိုးချုပ်တော့သည်။ သည့်တော့မှ ကိုတင်စိန် စိုးရိမ်ထိတ်လန့် သွားသည်။

"ငါ... ဒီမှာ အချိန်မကုန်သင့်ဘူး။ ဒီလို အချိန်ကုန်ခြင်းဖြင့် ငါ့အသက်အန္တရာယ် စိုးရိမ်ရတယ်။ ငါ... အမြန်ဆုံး ဒီကပြေးမှ ရွာတစ်ရွာကို အမြန်တွေ့အောင်ရှာမှ..."

ဟု ဆုံးဖြတ်လိုက်သည်။

အမြန်ဆုံး၊ အသွက်ဆုံး ခြေလှမ်းနှင့် လမ်းလျှောက်ခဲ့သည်။ တဖြည်းဖြည်း အချိန်တို့ ကုန်သွားသည်။ အမှောင်ကြီးစိုးသည့် ခုလို ရောက်ခဲ့သည်။

ည...။

မိုက်မှောင်နေသည့် ည...။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

ညရောက်ပြီ ဖြစ်သဖြင့် ခရီးသွားလို့ မကောင်းတော့။ ထို့ကြောင့် ကိုတင်စိန် သစ်ပင်တစ်ပင်ပေါ်သို့ တက်၍နေခဲ့သည်။ အောက်မှာနေ၍ မဖြစ်။

အောက်မှာနေလျှင် တောကောင်အန္တရာယ် စိုးရိမ်ရသည် မဟုတ်လား။

ကိုတင်စိန်သည် ဆာလောင်သည့်ဒဏ်၊ ပင်ပန်းသည့်ဒဏ်တို့ကို အလူးအလဲ ခံစားနေရ၏။ ထို့ကြောင့် မျက်လုံးကိုမှေးကာ အနားယူလိုက်၏။

ငြိမ်သက်စွာ နေခြင်းဖြင့် သက်သာရာရ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



အသက်မှန်မှန်ရှုပြီး မျက်လုံးကို မှေးစင်းကာ အနားယူလိုက်၏။

ထိုစဉ် သူ၏နားစည်အတွင်းသို့ အသံတွေ ကျူးဝင်လာသည်။ မှောင်မဲ တိတ်ဆိတ်သည့်ည ဖြစ်သဖြင့် အသံတွေက ကျယ်လောင်နေ၏။

ထို့ကြောင့် ကိုတင်စိန် မျက်လုံးကို ဖျတ်ခနဲ ဖွင့်လိုက်သည်။

"အသံက... လှည်းမောင်းတဲ့ အသံတွေပဲ..."

ပြီးတော့ အသံလာရာဆီသို့ ကြည့်လိုက်၏။

"အို..."

သည်အခါ ကိုတင်စိန် လွန်စွာအံ့ဩသွားရသည်။ အသံသည် ညာဘက်မှဖြစ်ပြီး၊ ညာဘက်၌ ဖြောင့်ဖြူးသည့် လှည်းလမ်းကြောင်း ရှိနေသည်ကို တွေ့ရ၏။

လှည်းလမ်းကြောင်းတွင် လှည်းလေးစီး မောင်းနှင်လာသည်ကိုတွေ့ရ၏။ လှည်းများက မီးတုတ်မျာ ထွန်းညှိကာ မောင်းနှင်လာသည်ကို မြင်ရခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ… ဒါဟာ ငါ့အတွက် ကံကောင်းခြင်း လက်ဆောင်ပဲ။ ငါလှည်းအုပ်စုစီ အရောက်သွားပြီး အကူအညီတောင်းရရင် ကောင်းမယ်။ ဒါဟာ ငါ့အတွက် ကံမျက်နှာသာပေးခြင်းပဲ…"

ဟု စိတ်ကို နှိုးဆော်ပြီး သစ်ပင်ပေါ်မှ ဆင်းပြီး လှည်းဆီသို့ အပြေးသွားခဲ့သည်။

ဖောကြောင့်လားမသိ။ မောရကောင်းမှန်းမသိ။ ရောက်သွားတော့ စိတ်လျှော့ လိုက်သောကြောင့်လားမသိ။ ညွတ်ကွေးကျသွားသည်။

သို့တစေ… သတိမူ လွတ်မသွားခဲ့။

ယင်းသမို့ ကိုတင်စိန်အနီးသို့ လှည်းအုပ်စုဆီမှ လူသုံးဦး မီးတုတ်ကိုယ်စီနှင့် ရောက်လာကြသည်ကိုသူသိ၏။

သုံးဦးထဲမှ တစ်ဦးက ကိုတင်စိန်ကို ကြည့်ပြီး…

"မင်းဘာယ်သွားမလို့။ ဘာဖြစ်လို့လဲ…"

ဟုမေးသည်။



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်... ဒုက္ခသည်ပါ။ ကျွန်တော့်ကို ကယ်ပါ..."

"အို... ဒုက္ခသည်လား။ ဒါဆို မင်းဘာမှ အားမငယ်နဲ့တော့။ မင်းကို ငါတို့ကူညီမယ်..."

"ကျေး... ကျေးဇူး"

အဘိုးအို သုံးဦးက ပြုံးကြည့်သည်။ ပြီးတော့ ကိုတင်စိန်အား တွယ်မပြီး လှည်းဆီသို့သွားသည်။ နောက်ဆုံးလှည်း၌ ကိုတင်စိန်ကိုတင်ပြီး...

"မင်း စိတ်အေးချမ်းသာ အိပ်ပြီးလိုက်ခဲ့ပါ။ မင်းကို အဘတို့ ကူညီမယ်။ ရွာရောက်မှ ကောင်းကောင်းစားပြီး အနားယူပေါ့..."

"ဟုတ်ကဲ့... ကျေးဇူးပါ..."

ထို့နောက် အဘိုးအိုတစ်ဦးက ရှေ့လှည်းတွင် တက်ထိုင်လိုက်ပြီး...

"ကဲ... လှည်းတွေ ထွက်မယ်ဟေ့..."

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com


ဟုန္နီးဆော်လိုက်သလို၊ လှည်းတွေစထွက်သည်။

တိတ်ဆိတ်သည့် ညတွင် နွားခလောက်သံတို့က စည်းချက်ညီညီ ပေါ်ထွက်နေ၏။

* * * * * * *


www.burmeseclassic.com

www.burmeseclassic.com



( ၄ )

မကြာမီ ကာလအတွင်း လှည်းများသည် ရွာစည်းရိုးတစ်ခုရှေ့သို့ ရောက်၏။

"ငါတို့ ပြန်လာပြီဟေ့ တံခါးဖွင့်..."

ဟုပြောသလို ရွာတံခါးပွင့်သွားသည်။

လှည်းတွေ ရွာတွင်းသို့ ဝင်ခဲ့၏။

ရွာက ရွာကြီးဟုခေါ်ရမည်လား။ အိမ်ခြေများသလို အိမ်ကြီးအိမ်ကောင်းတွေ ရှိသည်။ မီးရောင်တွေ ထိန်လင်းနေ၏။

မကျည်းပင်၊ ကုက္ကိုပင်၊ ဝါးပင်တွေ ရွာလမ်းဘေးတစ်ဖက်တစ်ချက်၌ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com


ရှေ့လှည်း နှစ်ဆောင်မြိုင် အိမ်ကြီးရှေ့တွင် ရပ်လိုက်သလို၊ နောက်မှလှည်းများလည်း ရပ်သွား၏။

စောစောက အဘိုးကြီး ကိုတင်စိန် လှည်းနားသို့ ရောက်လာပြီး...

"ကဲ... မောင်ရင်... ဒီည... ဦးအိမ်မှာပဲ လိုက်တည်းပေါ့..."

ဟုပြောပြီး ကိုတင်စိန်ကို ခေါ်သွားသည်။ ကိုတင်စိန် သာသာကလေး လိုက်ခဲ့၏။ ကိုတင်စိန်သည် လိုက်လာရင်း "ဒီရွာက ဘာရွာလဲ မနက်ကြမှ စုံစမ်းရမယ်" ဟု တွေးမိ၏။

သို့နှင့် ကိုတင်စိန်နှင့် အဘိုးကြီး နှစ်ဆောင်မြိုင် အိမ်ကြီးရှိရာ ခြံဝင်းအတွင်းသို့ ဝင်ခဲ့သည်။ ခြံကြီးသည် ကျယ်ဝန်းလှ၏။

ခြံထဲ၌ စပယ်၊ ကြက်ရုံး၊ ခတ္တာပန်းပင်တွေ ရှိသည်။ သင်းပျံ့သည့် ပန်းရနံ့ကို ရှူရှိုက်ရသည်။

ကိုတင်စိန် ယခုမှ သတိထားလိုက်မိသည်က ကောင်းကင်ပြင်၌ လရှိနေသည်။ လရောင်က မြေပြင်သို့ ဖြာကျနေသည်။


www.burmeseclassic.com

www.burmeseclassic.com



လပြည့်ညမှူ မဟုတ်။

(၈)ရက်လတည်း။

* * * * * * *

အိမ်ပေါ်သို့တက်ခဲ့သည်။

ညေ့်ခန်းသို့ရောက်လျှင် အဘိုးကြီးအား အသက် (၅၇)နှစ်လောက်ဟု ခန့်မှန်းရသည့် အဘွားကြီးတစ်ဦးနှင့် အသက်(၂၀)အရွယ် မိန်းကလေးတစ်ဦးကို တွေ့ရ၏။

မိန်းကလေးက မိန်းမချောလေးပင်။

"အဘိုးကြီးက..."

"မရှုပန့် သမီးသူဇာ ညေ့်သည်စားဖို့ တစ်ခုခု စီစဉ်ပါ..."

အဘွားကြီးက "ဟုတ်ကဲ့ပါ..."ဟု ပြောပြီး ကိုတင်စိန်အား တစ်ချက်ကြည့်ကာ သမီးကိုလက်ကုတ် ခေါ်ပြီး နောက်ဖေးဝင်သွားသည်။

မကြာမီ ထမင်းဝိုင်း ပြင်ဆင်ပြီး၏။ ထမင်းဝိုင်းက ဖွယ်ဖွယ်ရာရာ ရှိလှသည်။ ကြက်သား၊ ဝက်သားဟင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါသလို၊ အသီးအရွက်ကြော်တွေ၊ ငပိတို့စရာတွေ စုံလှသည်။

အဘိုးကြီးက...

"စား... မောင်ရင်။ အဝ စားနော်..."

ဟုပြောရာ...

"ဟုတ်ကဲ့ အဘ..."ဟု ကိုတင်စိန် တုန့်ပြန်လိုက်သည်။

ပြီးနောက် လက်ဆေးကာ ထမင်းစားသည်။ အတော်ကလေး ဆာလောင်နေချိန်တွင် ဟင်းကောင်းကျွေးကောင်းစားရသဖြင့် စားလို့လည်း ကောင်းလှ၏။

အဘွားကြီးက "မောင်ရင် အတော်ဆာနေပုံပဲ။ စား... မောင်ရင် ဘာမှအားမနာနဲ့။ ဧည့်သည်က အားပါးတရစားရင် အဘွားတို့လဲ ပီတိဖြစ်ရတယ်။ ဒါဟာတစ်ဦးက အာဟာရဖြစ်သလို တစ်ဦးဒါန မြောက်ခြင်း မဟုတ်လား"ဟု ပြောသည်။

"စိတ်ချ အဘွား။ ကျွန်တော်က စားရင် အလှမစားတတ်ဘူး။ အဝပဲ စားတတ်တာ..."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီကွယ်။ စားပါ... စားပါ..."

ဆာဆာနှင့် စားလိုက်သဖြင့် ထမင်းတစ်ပန်းကန် ဘယ်လိုကုန်သွားသည်မသိ။ နှစ်ပန်းကန်လောက် စားလိုက်သည်ထင်၏။

"မောင်ရင့် ကြည့်ရတာ ဆာနေပုံပဲ..."

"ဟုတ်တယ် အဘွား။ ကျွန်တော် မနက်ညှ မစားရသေးဘူး"

"အိုကွယ်..."

ထို့နောက် အိပ်ယာချပေးသည်။ အိပ်ရသည်က အခန်းတစ်ခန်းတွင်း၌ဖြစ်ပြီး အိပ်ယာ ပြင်ပေးသည်က မသူဇာဆိုသည့် မိန်းကလေး။

မိန်းကလေးက "ကောင်းကောင်း... အိပ်ပျော်ပါစေ"ဟုပြော၏။

မှန်သည်။

ကိုတင်စိန်သည် ပင်ပန်း၍လားမသိ။ အစားများသွား



www.burmeseclassic.com

www.burmeseclassic.com



ရှိလားမသိ။ အိပ်ယာပေါ်သို့ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသည်။

အိပ်မက်လှလှတို့ပင် မက်ခဲ့သလားမသိ။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၅ )

အိပ်ယာမှ နိုးတော့ မိုးလင်ပြီ။

ထို့အတူ ကိုတင်စိန် တုန်လှုပ်ခြောက်ချားသော ခံစားမှုကိုပါ ခံစားလိုက်ရသည်။

မှန်သည်။ သူအိပ်ယာမှ နိုးတော့ အရာရာ အပြောင်း အလဲတွေဖြစ်နေသည်။ သူသည် အိပ်ယာနှင့်ခေါင်းအုံးနှင့် အိပ်ခဲ့သည်ပင်။

နိုးတော့ ကိုတင်စိန်က ငှက်ပျောဖက်ပေါ်မှာ အိပ်နေ ရသည်။ သူခေါင်းအုံးထားသည်က ကောင်ပို့ငယ်တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



အိမ်နှင့်တူသည့် အရာဟူ၍ ဘာမျှမရှိ။ ပတ်ဝန်းကျင်၌ ရှိနေသည်က ဆူးခက်၊ ခြုံနွယ်များပင်။

"ငါ... ငါ... ကျွတ်ရှာ ရောက်ခဲ့တာပါကလား။ ဘုရား... ဘုရား..."

ဟု စဉ်းစားမိသလို ညက အဖြစ်ကို မတွေးရဲသလို ခံစား လိုက်ရ၏။

သည်မှာလဲ ကြာကြာမနေရဲတော့...။

"ဒီကျွတ်ကုန်း၊ ကျွတ်ရှာမှာ ကြာကြာမနေသင့်ဘူး။ ငါ သွားမှ... သွားမှ..."

ဟု စဉ်းစားပြီး ခပ်သွက်သွက် မပြေးရုံတမယ် ထွက်ခဲ့သည်။

ဝင်းလက်သည့်နေရောင်ခြည်က ပေါ်ထွန်းခဲ့ပြီ။ ပူနွေးသည့် အထိအတွေ့ကို ခံစားရသည်။ သည်အဖြစ်က မေ့နိုင်ဖွယ်မရှိသည့် အဖြစ်ပင်။

ထို့အတူ သည်အဖြစ်က မကြုံဖူးသူတိုင်း ယုံကြည်မည်မဟုတ်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူကမူ…

ကျွတ်ရှာသို့ အလည်ရောက်ခဲ့သည့်အဖြစ်ကို ဘယ်တော့မှ မေ့နိုင်မည် မဟုတ်ချေ။

စာဖတ်သူများရဲ့…

သုတေသီသက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘဝခြားနေချိန်မှာ…

မင်းတို့ မကျွတ်မလွတ်သူ ပရလောကသားအဖြစ်

ဆုံရပေမယ့် မင်းကို အမြဲ သတိရနေမှာ…

မမေ့နိုင်ဘူးဆိုတာ ယုံပါ…။

# ကျွန်တော် မမေ့နိုင်သည့်

# တာမွေမ

သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဘုန်တော်မမေ့နိုင်သောတစ္ဆေမ




www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော် မမေ့နိုင်သည့် တစ္ဆေမ

( ၁ )

တစ္ဆေအခြောက်ခံရပြီးနောက် ထိုတစ္ဆေအား မေ့မရနိုင်အောင် ခံစားနေရသည်ဟုဆိုလျှင် သင်မည်သို့ သဘောရမည်မသိ။

တစ်ချို့က တစ္ဆေ၊ သရဲ ခြောက်လှန့်မှုကို ခံရပြီဆိုလျှင် ထိုအခြောက်ခံရခြင်းမျိုးကို ထပ်မံ မခံစားချင်ကြပါ။

ကျွန်တော်ကမူ ကျွန်တော် ခြောက်လှန့်ခံရခြင်းမျိုးကိုထပ်မံ ခံစားချင်သလို၊ ထိုတစ္ဆေမကို ထပ်မံတွေ့လိုစိတ်ဆန္ဒတို့အပြည့်အဝ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော် ထပ်မံခြောက်လှန့် ခံရခြင်းမျိုး မရှိခဲ့။ မည်သို့ဆိုစေ ကျွန်တော် တစ္ဆေမ ခြောက်လှန့်ခဲ့သည့် ခံစားမှုမျိုးကို ထပ်မံ ခံစားလိုသည်။

* * * * * * *

မင်းသေကော်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ကျွန်တော်က တက္ကစီ ဒရိုင်ဘာတစ်ဦးဖြစ်ပါသည်။ ကျွန်တော်သည် သတ္တမပေဒနှင့် ဘွဲ့ရပြီးသည့် နောက်ပိုင်း ကျွန်တော် အလုပ်ခွင်ဝင်ခဲ့သည်။

အစိုးရ ဝန်ထမ်းမှု မလုပ်ခဲ့ပါ။

ကျွန်တော်က အမိန့်၊ သတ်မှတ်ချက် ခိုင်းစေသည့် အလုပ်ကို မနှစ်သက်ပါ။ ကျွန်တော်က လွတ်လပ်စွာ နေချင်သူဖြစ်၏။

ထို့ကြောင့် ကျွန်တော်သည် ဌာနဆိုင်ရာဝန်ထမ်း အဖြစ် အလုပ်ကိုမလုပ်ခဲ့။ ထို့ကြောင့် ကျွန်တော်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အချိန်သတ်မှတ်ချက်နဲ့ ခိုင်းသလို လုပ်ရမယ့် အလုပ်ကို ကျွန်တော် စိတ်မပါဘူး။ ဒါကြောင့် ကျွန်တော် ဒီအခြေအနေ ရောက်ရတယ်..."

ဟု အမြဲပြောသည်။

ကျွန်တော် အလုပ်ရှာန် ရွေးလွှန်းသဖြင့် အဖေက...

"နေပါဦးကွ။ မင်းနဲ့တန်တဲ့အလုပ် မြန်မာပြည်မှာ ရှိသေးလား။ မင်းအလုပ်ကော လုပ်ဖို့စိတ်ကူး ရှိသေး ရဲ့လား..."

ဟုမေးခဲ့သည်။

"ရှိပါတယ် အဖေ။ ကျွန်တော်ကလဲ ဒါကိုပြောမလို့ စဉ်းစားနေတာ ကြာပါပြီ။ အခု ပြောတော့မှာပါ..."

"ကဲ... ပြောပါဦး..."

အဖေကပြောပြီး စွေ့ခနဲ ကျွန်တော်ကို ကြည့်သည်။

"ပြောမလို့ပါ။ တခြားတော့မဟုတ်ဘူး အဖေ။ ကျွန်တော့်ကို အဖေညဘက် ကားပေးပါလား။ ဝိုထောင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားမယ့်အစား ဒီကားက ငွေထွက်အောင် ကျွန်တော် လုပ်ချင်လို့ပါ...''

''မင်းက တကယ် ဆန္ဒရှိလို့လား...''

''ကျွန်တော့်ကို ယုံစမ်းပါ အဖေရယ်...''

သည်တော့ အဖေက ပြုံးသည်။ ထို့နောက် ''အေးပါ... အေးပါ။ ကိုယ့်သားပဲ ကိုယ်ယုံရမှာပေါ့...''ဟုပြော၏။ ဒါက အဖေ၏စရိုက်ပင်။ အရာရာကို လွယ်လွယ် လက်ခံသူ မဟုတ်။

မည်သို့ဆိုစေ။ သည်နောက်ပိုင်း ကျွန်တော် တက္ကစီမောင်းသမား စင်စစ် ဖြစ်ခဲ့သည်။

* * * * * * *

ကျွန်တော်က ပထမ တက္ကစီနေ့မောင်း လုပ်သည်။ နောက်တော့ သူငယ်ချင်းတွေနဲ့ ဆုံရင်း ညမောင်းဖို့ စိတ်ဝင်စားသွားသည်။

သို့ကြောင့် ကျွန်တော် ညဖက်မောင်းဖို့ စဉ်းစားပြီး အဖေ့ကို ပြောသည်။ အဖေက သိပ်သဘောမတူချင်



www.burmeseclassic.com

www.burmeseclassic.com



"ညက အေးဆေး တယ်ဆိုပေမယ့် အန္တရာယ်များ တယ်သားရဲ့။ မသမာသူရဲ့ အန္တရာယ် စိုးရိမ်ရသလို ပရလောက အန္တရာယ်ကလဲ ရှိသေးတယ်"ဟု ပြောသည်။

"အန္တရာယ်ဆိုတာက နေ့ရယ်၊ ညရယ် မဟုတ်ပါဘူး အဖေရယ်။ ဖြစ်ချင်ရင် ဖြစ်တာပါပဲ"

"သားက စိတ်သန့်နေလို့လား..."

"ဆိုပါတော့ အဖေ။ အတွေ့အကြုံသစ် ဆိုတာ အဖိုးတန်တယ်လေ..."

"ကဲ... ငါ့သား မင်းကအဖေတူသားမို့ လုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် ပြင်မှာမဟုတ်ဘူး။ လုပ်ကြည့်ပေါ့..."

ဟုပြောသည်။

ဤသို့ဖြင့် ကျွန်တော် ညမောင်းသမား ဖြစ်ခဲ့သည်။ တက္ကစီဒရိုင်ဘာဘဝတွင် နေ့မောင်းသမားနှင့် ညမောင်းသမား မတူညီသည်ကတော့ အမှန်ပင်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com


( ၃ )

ညမောင်းသမားဘဝတွင် အန္တရာယ်ကြီးသည်ဟု အဖေ ပြောသည့်မှာ မမှားပါ။ ညမောင်းသမားများအား လူဆိုး အန္တရာယ် လည်းရင်ဆိုင်ရသည်။

ဘာပဲပြောပြော ညဖက်ထွက်သူ အများစုက ခပ်ဆိုး ဆိုးတွေများသည်။ အမူးသမားများသည်။ ရန်လိုသူများ သည်။ တစ်ချို့က ဓားတွေပါသည်။

ထို့ကြောင့် အမြဲတမ်းလိုက်လျောညီထွေ ဖြစ်အောင် နေရသည်။ ပြဿနာထဲ မပါအောင် နေရသည်။ ပြီးတော့ ညမောင်းသမား အတော်များများက ပရလောကသားတွေနှင့် ဆုံကြသည်။ ထိုအချိန်က ကြဲတောရှိသေးသည်။ သချိုင်းတွေ မပြောင်းသေး။

မင်းလောက်ရာဇာဝပ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပုံစံအမျိုးမျိုးနှင့် အခြောက်ခံရသည်ကို ကြား ဖူးသည်။ သို့သော် ကျွန်တော်ကမူ မကြုံဘူးသေး။

ဤကဲ့သို့ပင် ကြုံသည့်ကြုံတော့လည်း...

* * * * * * *

ကျွန်တော် မှတ်မိနေသေးသည်။

ထိုနေ့ညက မိုးဖွဲဖွဲ ရွာနေသည်။ မိုးသည်းသည်း ရွာသည် မဟုတ်။ တစ်ချက်တစ်ချက် လေပါသည်။

ကျွန်တော် အင်းစိန်ဖက်သို့ အရောက်။ တစ်စုံ တစ်ယောက် ကျွန်တော့်ကားကို လှမ်းတားလိုက်သည်ကို သိသည်။ ကားမီးရောင်ကြောင့် မြင်ရသော်လည်း ဝိုက်ပါ ရေသုတ်တံပြေးနေသဖြင့် မြင်ကွင်းသည် ပီပြင်လိုက် ဝေဝါး လိုက်နှင့်။

သို့သော်... ကျွန်တော့် ကားကို တားသူသည် မိန်းကလေး တစ်ဦးမှန်း သိလိုက်၏။

ကျွန်တော် ကားကိုအရှိန်လျှော့ပြီး သူ့ရှေ့၌ရပ်လိုက် သည်။ ပြတင်းပေါက်မှ သူ့ကိုမြင်ရ၏။ အဖြူရောင် မိုးကာ ဂျာကင်နှင့် နက်မှောင်သည့် ဆံကေသာကို ပိုင်ဆိုင်သူ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးကော့ မျက်လုံး၏ကောင်းခြင်း၊ မျက်ခုံး၏ကောင်းခြင်းနှင့်လည်း ပြည့်စုံ၏။

"ဘယ်သွားချင်လို့လဲ..."

ကျွန်တော်က မေးလိုက်၏။

သူမက သူသွားချင်သည့် နေရာကို ပြောပြသည်။ သူပြောသည့်နေရာက ထောက်ကြံ့မရောက်မီ ဖြစ်သည်။ အင်္ဂလိပ်သချိုင်း အနီးတွင်ဖြစ်သည်။

လမ်းသွယ်ထဲ ချိုးကွေ့သွားရသည်။

ကျွန်တော်က လိုက်ပို့နိုင်ကြောင်းနှင့် ဈေးပြောလိုက်၏။ သူကသဘောတူသည်။

သူမ ကားနောက်ဖက် ဖွင့်ဝင်၏။ သူကိုနောက်ကြည့်မှန်မှတစ်ဆင့် အတိုင်းသားမြင်ရ၏။ သူနှင့်ကျွန်တော်သည် စကားမပြောဖြစ်။

အချို့က စကားပြောသည်ကို မကြိုက်။ အထူးသဖြင့် မိန်းကလေးတွေက သူတို့ကို ရောလျှင် အထင်သေးတတ်၏။

သို့စေကာမူ သူ့ကိုမူ နောက်ကြည့်မှန်မှ အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသည်။ သူက ရုပ်ရည်ချောမောရုံမက မွန်ရည်မည်ဟု အကဲခတ်မိ၏။

မိုးကမူ မစဲသေး။

အပြင်မှာ မိုးစက်တို့ကနေသည်ကို တွေ့ရ၏။ ကျွန်တော် ကားကို ထိန်းမောင်းခဲ့သည်။ ယခု ကားက ထောက်ကြံ့နီးပြီ။ အင်္ဂလိပ် စစ်သချိုင်းမြင်ရပြီ...။

"ရှေ့လမ်းနော်..."

ကျွန်တော်ကမေးတော့ "ဟုတ်ကဲ့..." ဟု သူမက ဖြေ သည်။

ကျွန်တော် ကားကိုအရှိန်လျှော့ပြီး ချိုးကွေ့လိုက်သည်။ လမ်းကမြေနီလမ်း ကျွန်တော် ဖြည်းဖြည်းမောင်း ဝင်ခဲ့၏။

မကြာမီ "ရောက်ပြီ"ဟု ပြောသံကြားရ၏။

ကျွန်တော် ကားရပ်လိုက်၏။ သူက ကျသင့်ငွေ ရှင်းပေး သည်။

"ကျေးဇူးပဲ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားသံက ချိုသည်။

"ဟုတ်ကဲ့"

သူကားပေါ်က ဆင်းသွားတော့ ကျွန်တော် ကားကို ချိုးကွေ့ ထွက်ခဲ့သည်။

* * * * * * *

မင်းလေက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

ကျွန်တော် ရန်ကုန်ပြန်ရောက်မှ ထွန်းသော်က "ဟဲ့… မင်း ကားနောက်မှာ မိုးကာတစ်ခုပါလား"ဟု ပြော၏။

ကျွန်တော် ကြည့်လိုက်ရုံနှင့် ဘယ်သူ့မိုးကာမှန်း သိလိုက် သည်။ မိုးကာအဖြူရောင်ဆိုတော့ သူမရဲ့မိုးကာ။ သူမကားပေါ် အရောက် မိုးကာချွတ်သည်ကို ကျွန်တော် သတိထားမိသည်။

"ပါစင်ဂျယ် ပစ္စည်းပါ"

ကျွန်တော် ဒါပဲပြောပြီး၊ ရှေ့ခန်းတွင် တင်ထားလိုက် သည်။ စိတ်ကူးက မနက်မှသွားပို့မည်ဟု ဆုံးဖြတ်လိုက် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တစ်စုံတစ်ခုအား ဆုံးဖြတ်ပြီးလျှင် ပြင်တတ်သူမဟုတ်။ သို့ကြောင့် မနက်ကားသိမ်းတော့ အိမ်တန်းမပြန်ဘဲ မိုးကာ အင်္ကျီပြန်ပေးရန် ထောက်ကြံ့ဖက်သို့ ထွက်ခဲ့သည်။

ချောချောမောမောပင် ရောက်၏။ ခြံဝတွင် တံခါးပိတ်ထားသဖြင့် တံခါးခေါက်လိုက်သည်။ အတော်ကြာ၏။ အတန်ကြာမှ အသက်(၆၀)ဝန်းကျင် အဘွားကြီးတစ်ဦး တုံတုံချိချိနှင့် ထွက်လာသည်။

"ဘာကိစ္စလဲ ကလေး..."

"အော်... အဘွား။ ညက ဒီအိမ်က မိန်းကလေး ကားငှားစီးပြီး ဂျာကင်အင်္ကျီ ကျန်ခဲ့လို့ လာပေးတာပါ"

ဟုဆိုတော့ အထူးအဆန်းလို အဘွားအိုက ကျွန်တော့်ကို ကြည့်သည်။ "ဟုတ်ကဲ့လား... ကလေး"ဟု မေးသည်။

"ဟုတ်ပါတယ် အဘွား။ ညက (၁၁)နာရီလောက် ရှိပါပြီ။ အင်းစိန်ကနေ ငှားလို့လိုက်ပို့ရတာပါ"

အဘွားအိုက သက်ပြင်းချပြီး "ဟင်း... အင်း..."



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီးမှ "မောင်ရင်လေး ခဏဝင်ဦးလေ..."ဟု ပြောသည်။ အဘွားအို ဝင်သွား သည့်နောက်မှ ကျွန်တော်လိုက်ခဲ့သည်။

ခြံကကျယ်သလို၊ အိမ်ကရှေးဆန်သည်။ ရေနံချေး တွေသုတ်ထားသည့် အိမ်ကြီးဖြစ်၏။

အိမ်ထဲ (ညှော်ခန်း)၌ ကျွန်းသား ပရိဘောဂများ ရှိသည်။ နံရံတွင် ချိတ်ဆွဲထားသည့် ဓာတ်ပုံဟောင်းများမှ ဓာတ်ပုံတစ်ပုံကို မြင်လျှင်...

"အဘွား... ညက ကျွန်တော့်ကား ငှားစီးသွားတာ ဟိုဓာတ်ပုံထဲက အမျိုးသမီးပါ..." ဟုပြောလိုက်မိ၏။

အဘွားကြီးက ပြုံးပြီး "အော်... ချောစုနွယ်နဲ့ ဆုံခဲ့ သကိုး"ဟုပြောသည်။

"သူ့နာမည်က ချောစုနွယ် ဟုတ်လား အဘွား"

ဟု ကျွန်တော်က မေးလိုက်တော့ "ဟုတ်တယ် ကွယ့်"ဟုပြောပြီး ကျွန်တော့်ကို ထိုင်ခိုင်းသည်။ ကျွန်တော် ထိုင်လိုက်၏။

ထိုစဉ် အဘွားက "မောင်ညွန့်ရေ..."ဟု ခေါ်သံ ကြားရ၏။ အသက်(၄၀)ခန့် လူတစ်ဦး ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မမ…"

"၁၀ ရက်နေ့က သတင်းစာနဲ့ ချောစု ဖိတ်စာယူခဲ့ပါကွယ်"

ဟုပြောသည်။ မောင်ညွန့်ဆိုသည့် ပုဂ္ဂိုလ် ခပ်သွက်သွက်အခန်းထဲ ဝင်သွား၏။ မကြာမီ ပြန်ထွက်လာတော့ သတင်းစာတစ်စောင်နဲ့ စာရွက်တစ်ရွက် ပါလာသည်။

"သူငယ်ကို ပေးလိုက်ပါ"

ဟုပြောသဖြင့် ကျွန်တော့်ကို ပေးသည်။ ကျွန်တော် ဘာမှန်းမသိ။ ရောင်ချာချာ ဖြစ်နေမိသည်။ ထိုစဉ် အဘွားအိုက…

"မင်း ဖိတ်စာနဲ့ သတင်းစာက နာရေးကို ကြည့်လိုက်ပါ"

ဟုပြောသဖြင့် နာရေးကြည့်လိုက်ရာ 'ချောစုနွယ်၊ အသက်(၂၅)နှစ်' (၁၀–၉–၁၉၈၀) ခုနှစ် ရုတ်တရက် သေဆုံးကြောင်း သတင်းဖတ်ရသည်။

"ဗျာ… ဒါ… ဒါဆို ကျွန်တော့်ကားမှာ စီးလာတဲ့သူက"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကလေး။ ခုဆို အဘွားမြေးလေး ချောစု သေတာ တစ်လပြည့်တော့မှာ။ အင်းစိန်အလည် သွားရင်း ကားချင်းတိုက်မိပြီး ဆုံးသွားတာ။ အဘွားမြေး ဆုံးတဲ့ညကလဲ မိုးဖွဲဖွဲရွာတဲ့ ညလေ" ဟုပြောသည်။

ကျွန်တော် တုန်လှုပ်သွားရသည်။ ကျွန်တော် ဖိတ်စာကြည့် လိုက်တော့ ဖိတ်စာတွင် 'ချောစုနွယ် (၂၅)နှစ်' ဟု တွေ့ရ၏။ ထောက်ကြံ့သုသာန်တွင် ဂူသွင်းမြှုပ်နှံကြောင်း သိရ၏။

"ကျွန်တော် စိတ်မကောင်းပါဘူး အဘွား။ ကျွန်တော့် ကို ခွင့်ပြုပါဦး"

ကျွန်တော် အဘွားအိုအား မိုးကာဂျာကင်ပေးပြီး ကျွန်တော် ပြန်ခဲ့သည်။ အပြန်လမ်းတွင် ကျွန်တော် မကျေနပ် သဖြင့် ထောက်ကြံ့ သချိုင်းသို့ဝင်ခဲ့သည်။ သည်မှာ ဂူသစ် တစ်လုံးကို တွေ့ရပြီး ဂူပေါ်၌...

"ချောစုနွယ် အသက် (၂၅)နှစ်"

ဟူ၍ ကမ္ပည်း ထိုးထားသည်ကို တွေ့ရ၏။ ကျွန်တော် စိတ်မကောင်းဖြစ်သွားသည်။ ကျွန်တော် သုသာန် မြေမှ လေးကန်စွာ ထွက်ခဲ့ပြီး ကားမောင်းပြန်ခဲ့၏။

မင်းလေက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသိတွင် သူ့ရုပ်သွင်က စွဲထင်နေဆဲ...

"ချောစုနွယ်ရယ်... ဘဝခြားနေချိန်မှ မင်းတို့မကျွတ်မလွတ်သူ ပရလောကသားအဖြစ် ဆုံတွေ့ရပေမယ့် မင်းကို အမြဲသတိရနေမှာပါ။ မမေ့နိုင်ဘူးဆိုတာ ယုံပါ..."

ဟု တိုးတိုးလေး ပြောမိပါသတည်း။

စာဖတ်သူများရဲ့...

သုတေသီသက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အမြန်ပြေးသွားသည်

သူမရှိတော့…။ ကျွန်တော် သိလိုက်ပြီ

ကျွန်တော် သရဲခြောက်ခံနေရပြီ…။

ကျွန်တော်

သရဲခြောက်သည့် အခန်းသို့ရောက်နေပြီ။

# တည်းခိုခန်းက တစ္ဆေ


သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# တည့်ခိုခန်းက တစ္ဆေမ



www.burmeseclassic.com

www.burmeseclassic.com

# တည်းခိုခန်းက တစ္ဆေ

## ( ၁ )

၁၉၆၈–ခုနှစ်က ကျွန်တော် မေမြို့၌နေထိုင်ရင်း ကျောက်မဲဘက်သို့ ရောက်ခဲ့သည်။ ထိုအချိန်က ကျောက်မဲမြို့သည် ယခုကဲ့သို့ စည်ကားမှု မရှိသေး။ တိုးတက်ဖွံ့ဖြိုးမှု မရှိသေး။

မြို့ဟု မည်ကာမတ္တပြုထားသော်လည်း စည်ကားလှသည်မဟုတ်။ ထိုအချိန်တွင် ကျွန်တော် ကျောက်မဲမြို့သို့ ရောက်ခဲ့သလို ကျောက်မဲမြို့စွန်တွင်ရှိသည့် စုလစ်မွှမ်းချွန်များ၊ စိန်တောင်များနှင့် လွန်စွာ ရှေးဆန်သည့် တည်းခိုခန်း တစ်ခုရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၀–ခုနှစ် ကာလက ကျွန်တော် မေမြို့ရောက်၍ ချစ်သူငယ်ချင်း ကျောက်မဲဇာတိ စိုင်းအောင်ဝင်းနှင့် တွေ့၍ ထိုတည်းခိုခန်းအကြောင်း စုံစမ်းမေးမြန်းကြည့်ရာ…

"မရှိတော့ဘူးလေ။ ဒီနေရာမှာ ခေတ်မီတိုက်ကြီး ဆောက်ထားတယ်။ ရှမ်းတရုတ်တစ်ယောက် ဒီခြံကြီးကို ဝယ်ပြီး တည်းခိုခန်းလည်း ဖျက်လိုက်တယ်"

ဟုပြော၏။ ထို့နောက် သူက "မင်း… ဒီတည်း ခိုခန်းကအဖြစ်ကို သတိရတုန်းပဲလား။ မမေ့သေးဘူးလား" ဟုမေးသဖြင့် ကျွန်တော် ပြုံးလိုက်မိသည်။ ပြီးမှ …

"ဘယ်မှာ မေ့နိုင်မှာလဲ စိုင်းရယ်။ ဒီမှာ ငါကြုံခဲ့တဲ့ အဖြစ်ကလည်း မမေ့နိုင်စရာ ဖြစ်နေတယ်ဆိုတာ မင်းသိပါ တယ်"

"ဟုတ်ပါတယ်လေ။ မင်းကြုံတွေ့ခဲ့ရတဲ့ အဖြစ်က လည်း မမေ့နိုင်စရာ အဖြစ်ပဲကိုး…"

ဟုသူက ပြောသည်။

ထိုအခါ ကျွန်တော့်အတွက် သည်အဖြစ်သည် မနေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကကြုံတွေ့ဖြစ်ပျက်ခဲ့သည့် အဖြစ်နှယ်။ လတ်လတ်ဆတ်ဆတ် ပြန်သတိရမိပြန်၏။

ထိုအဖြစ်က...

ထိုအဖြစ်က...

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ကျွန်တော့်မှာ ဆိုးသော ဉာဉ်တစ်ခုရှိသည်။ ဉာဉ်ဆိုးဟုလည်းခေါ်၍ရသည်။ အခြားမှုမဟုတ် ကိစ္စတစ်ခုပေါ်လာပြီဆိုလျှင် ထိုကိစ္စသည် မည်မျှအန္တရာယ်ကြီးသည့် ကိစ္စဖြစ်စေ၊ ချက်ခြင်းဖြေရှင်းရန် စဉ်းစား ဖြေရှင်းတတ်သည့် ဉာဉ်ဖြစ်၏။

သည်စဉ်ကလည်း ကျွန်တော် ကျောက်မဲသို့မသွားသင့်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ထိုစဉ်က ကျောက်မဲသို့သွားခြင်းသည် ကျောက်မဲတွင် ကိုပီတာရှိသည်ဟု သတင်းကြားသောကြောင့် ဖြစ်၏။

ကျွန်တော် ကျောက်မဲသို့ထွက်စဉ်က မစဉ်းစားခဲ့သော်လည်း ညနေ နေဝင်ချိန်ရောက်ခါနီးမှ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကိုပီတာ ကျောက်မဲ၌ လာရှာမိခြင်းသည် ကောက်ရိုးပုံထဲ အပ်ရှာသလို ဖြစ်နေပြီဟု ဆင်ခြင်မိ၏။

ကျွန်တော် မတတ်နိုင်ပြီ။

ကျွန်တော် ကျောက်မဲမှ ပြန်ရအောင်လည်း အချိန်မရှိတော့။ ပြီးတော့ ယခု ကျွန်တော်ရောက်နေသည်မှာလည်း ကျောက်မဲမြို့လယ်မဟုတ်။

ကျောက်မဲမြို့အနောက်ဖက် မြို့စွန်တွင်ဖြစ်၏။ ထို့ကြောင့် မေမြို့သို့ပြန်လို့ မဖြစ်သေး။ ဒီညအတွက်တော့ တစ်နေရာရာတွင် အိပ်စက်ရမည်။

မနက်မှ မေမြို့သို့ပြန်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။ ထို့အတူ ဘယ်မှာတစ်ညတာ တည်းခိုရမည်ကို စဉ်းစားရသည်။

ခက်သည်က ကျွန်တော် ဤမြို့ကိုမကျွမ်းကျင်သဖြင့် တည်းခိုခန်း ဘယ်မှာရှိသည်မသိ။

ထို့ကြောင့် အနီးစပ်ဆုံးဒေသခံ တစ်ဦးကို အကူအညီ တောင်းရသည်။ ရိုးသားသော ရှမ်းအမျိုးသား တစ်ဦးက...



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကတော့ မြို့စွန်မှ 'တော်ဝင်သဖင်'ဆိုတဲ့ တည်းခိုခန်း တစ်ခုရှိခဲ့တယ်။ အခုတော့ မသိဖူး..."

ဟုပြော၏။ ကျွန်တော်က "ဘယ်လိုသွားရမလဲ..."ဟု ဆိုတော့ သူက လမ်းညွှန်သည်။

ကျွန်တော်၌လည်း ကားမပါသဖြင့် ပြဿနာမရှိ။ သူညွှန်ပြသည့် လမ်းအတိုင်း ကားကိုဖြည်းဖြည်းမောင်းကာ လာခဲ့သည်။

ညရောက်လာပြီးဆိုသည်နှင့် ရှမ်းပြည်၏သဘာဝ အစဉ်အလာအတိုင်း အအေးကဲလာသည်။ ကားလမ်းဝဲဘက် တစ်ချက်၌ ထင်းရှူးနှင့် ယူကလစ်ပင်များရှိ၏။

လေအသင့်ဝယ် ထင်းရှူးနှင့် ယူကလစ်ရနံ့တို့ ရှူရှိုက်ရသည်။ မကြာမီ ကျယ်ဝန်းလှသော ခြံကြီးနှင့်ရှေးဆန်လှသော အိမ်ကြီးကိုတွေ့ရ၏။

ခြံဝတွင် အရောင်ပြယ်လွင့်စ ဆိုင်းဘုတ်တစ်ခု တွေ့ရ၏။

"တော်ဝင်သဖင်"

ယင်းတည်းခိုခန်း ဆိုင်းဘုတ်အား တွေ့သျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အတိုင်းထက်အလွန် ဝမ်းသာသွား၏။ မီးရောင် လဲ့လဲ့ရှိသည့် အိမ်ကြီးထဲသို့ ဖွင့်ထားသည့် ခြံတံခါးမှ ဝင်ခဲ့သည်။

လမ်းက ဖြူးဖြောင့်၏။

လမ်းဘေးတစ်ဖက် တစ်ချက်၌ ပုဏ္ဏရိပ်ပင်တန်းများ ရှိသည်။ ကျွန်တော် အိမ်ဆင်ဝင်အောက်၌ ကားရပ်လိုက်၏။ တံခါးဖွင့်ကာ ဆင်းလိုက်၏။

အိမ်ဝသို့ အရောက်တွင် တည်းခိုခန်း ကောင်တာ ကိုတွေ့ရ၏။ အသက်ကြီးကြီး ရုပ်ဆိုးဆိုး အမျိုးသား တစ်ဦးကို တွေ့ရသည်။

"အခန်းလိုချင်လို့ ဆိုရင်တော့ ဝမ်းနည်းပါတယ်လို့ ပြောရမယ်ထင်တယ်"

"အခန်း မရှိဘူးလား"

ခေါင်းခါပြီး...

"မရှိဘူးလို့တော့ မပြောချင်ဘူး။ ငှားဖို့ဆန္ဒမရှိတဲ့ အခန်းတစ်ခန်းတော့ရှိတယ်။ ဒါပေမယ့် ကျွန်တော့်သဘော နဲ့ဆိုရင်တော့ မငှားချင်ဘူး" ဟုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားက ထူးဆန်းတယ်"ဟု စဉ်းစားမိသလို သူ့ကိုကြည့်လိုက်မိသည်။

"ခင်ဗျားက မငှားချင်ပေမယ့် ကျွန်တော်ကတော့ ခင်ဗျား မငှားချင်တဲ့ အခန်းကိုပဲ လိုချင်တယ်ဆိုရင်ကော..."

"ဒါဆိုရင်တော့ ကျွန်တော်က မကန့်ကွက်ပါဘူး။ ဒါပေမယ့် တစ်ခုတော့ ပြောချင်တယ်။ ဒီအခန်းမှာ တည်းရင် ခင်ဗျား စိတ်ချမ်းသာမှာ မဟုတ်ဘူး"

ကျွန်တော် ပခုံးတွန့်လိုက်သည်။

"ဒီ စိတ်ချမ်းသာမှုမရှိတဲ့ အရသာကို တစ်ည ခံစားကြည့်ချင်တယ် ဆိုပါတော့..."

"ဒါဆိုရင်လဲ ညှိသည်စိတ်...၊ ညှိသည် သဘောပါ..."

ဟုပြောရင်း အခန်းသော့ကို လှမ်းပေးသည်။ အခန်းနံပါတ် (၁၃)ဖြစ်၏။

နံပါတ် (၁၃)က ကြမ္မာဆိုး ဂဏန်းဖြစ်၏။ တည်းခိုခန်း၏ အခန်း (၁၃) က ဘယ်လိုလဲ...။

* * * * * * *

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



( ၃ )

"အခန်းက ပထမထပ် ညာစွန်မှာရှိတယ်" ဟုပြော သည်။ ကျွန်တော် သော့ယူပြီး အပေါ်သို့တက်ခဲ့၏။

မီးရောင်တွေက မှိန်ပျပျ...။

အခန်း (၁၃)ကို သိပ်မရှာရ။ အပေါ်ထပ်သို့ ရောက် လျှင် အခန်းကို အတိုင်းသားမြင်ရ၏။ အချိန်က ည(၁၁) နာရီကျော်ကျော်ရှိသဖြင့် ရှင်းလင်းတိတ်ဆိတ်နေ၏။

သော့ဖွင့်လိုက်ပြီး မီးခလုတ်ကို ဖွင့်လိုက်သည်။ အခန်းက သပ်ရပ်သန့်ရှင်း၏။ တံခါးပိတ်ပြီး အိပ်ယာဆီသို့ လျှောက်ဝင်ခဲ့၏။

ရေချိုးခန်းနှင့် အိမ်သာသည် တွဲထားလျက်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝတွင် ကြွေရေဘုံဘိုင်ခွက်ရှိသည်။ တစ်ခါသုံး သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာရှိသည်။

သွားတိုက် မျက်နှာသစ်စဉ် အသံတစ်ခုကြားသည်။ ခြေသံ ဖြစ်သည်။

လှည့်ကြည့်လိုက်သည်။ မရှိ။ ဘာမှမရှိ။

ကျွန်တော် မျက်နှာသုတ်ပြီး ကုတင်ဆီသို့ ပြန်လာသည်။ ကုတင်၌ ထိုင်လိုက်သည်။

ကျွန်တော် ကုတင်ဆီသို့ ပြန်လျှောက်လာစဉ် ...

"ဟင်... ဟင်... ဟီး..." ငြီးသံလိုလို ကြားသည်။

"ဘာလဲဟ..."

စဉ်းစားမရ...။

ကျွန်တော့်စိတ် မသိုးမသန့်နှင့် ကုတင်ပေါ်ထိုင်လိုက်သည်။ ခြေသံကြားရပြန်၏။ ခြေသံသည် တဖြည်းဖြည်း နီးလာ၏။ ကျွန်တော့် ရှေ့နားသို့ရောက်လျှင် ရပ်သွား၏။

ထိုစဉ် ကျွန်တော့်ပါးကို လေမှုတ်ထိသလို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ပြင်းချလိုက်သည်။

ပြီးနောက် ကုတင်ပေါ်ထိုင်လိုက်ပြီး လှဲချလိုက်သည်။

ထိုစဉ် ကျွန်တော်နောက်မှ လူးလွန့်သံလိုလို ကြား ရ၏။ အထိအတွေ့တစ်ခုကို ခံစားရသလို လှည့်ကြည့်လိုက် သော့ ဘာမှမရှိ။

ကျွန်တော် ခေါင်းကြီး ကြက်သီးထသွားသည်။

ကျွန်တော် စိတ်ကိုထိန်းပြီး မျက်လုံးမှိတ်လိုက်၏။

"ချွင်..."

"ချလွမ်..."

ကျကွဲသံတွေ အခန်းထဲမှ ဖြစ်ကြောင်း သိသော်လည်း ဘာမှမတွေ့ရ။ စိတ်အနှောင့်အယှက် ဖြစ်သလို ခံစားရ၏။ သူတို့မငှားချင်သည်မှာ ဒါကြောင့်လား...။

ထိုစဉ် တစ်စုံတစ်ဦးအား ဖျတ်ခနဲ တွေ့လိုက်ရ၏။ အနက် ရောင်ဝတ်စုံ၊ ဝန်းနီနီ ပန်ထားသည့် မိန်းကလေး။

မျက်နှာကို မမြင်ရ...။



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းထားသည်။ ကျွန်တော်ကို ကျောခိုင်းရပ်နေ၏။

ကျွန်တော် အမြန် သူ့နားပြေးသွားသည်။ သူ… မရှိတော့။ ကျွန်တော် သိလိုက်ပြီ။ ကျွန်တော် သရဲခြောက်ခံနေရပြီ။

ကျွန်တော် သရဲခြောက်သည့် အခန်းသို့ရောက်နေပြီ။ ကျွန်တော် မတတ်နိုင်တော့။ လမ်းပေါ်တွင် မရေမရာ သွားနေမည့် အစားသည်မှာ အချိန်ကုန်အောင် စောင့်ရမည်။

မိုးလင်းလျှင် သူတို့ခြောက်နိုင်မည် မဟုတ်တော့။ သရဲမ၏ ဒုက္ခပေးသည့်ဒဏ်ကို ကျွန်တော် ခံရဦးမည်။

စာဖတ်သူများရဲ့…

သုတေသီသက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမယ်... နာနာရုပ်က ဟန်လုပ်နေတာပဲ မဖြစ်သင့်ဘူးလေ..." ဟု ပြောလိုက်ပြီး နောက်ပိုင်း ကိုအောင်မြင့် အခြေအနေက ထူးခြားစွာ ပြောင်းလဲသွားသည်။ အကောင်းပကတိမှ ဘုံးဘုံးလဲကျသွားသည်။ အရိုးခေါက်ခက် ဖြစ်သွားသည်။ အသက်ဝိညာဉ် ကင်းမဲ့သွားသည်။

## ပုဇာဝင်သည်

သုတေသီ သက်ထွန်းမြင့်

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# ဖုတ်ဝင်သူ



www.burmeseclassic.com

www.burmeseclassic.com

# ဖုတ်ဝင်သည်

## ( ၁ )

ကျွန်တော် မြစ်ဝကျွန်းပေါ်သို့ ရောက်တော့ ကျွန်တော် ချစ်သော ပရိသတ်တစ်ဦးက သရဲ၊ တစ္ဆေ သုတေသနသမား ကျွန်တော့်အား ထူးခြားသည့် သရဲ၊ တစ္ဆေ အကြောင်းတစ်ခုကို ပြောပြသည်။

ထိုအကြောင်းက ထူးခြားသည်ပင်။ သည်အကြောင်း မြစ်ဝကျွန်းပေါ်တွင် အထင်ကရ ဖြစ်ပျက်ခဲ့သည့် သမိုင်းဝင် 'အဖြစ်အပျက်ထဲမှ အဖြစ်တစ်ခုပင်။



www.burmeseclassic.com

www.burmeseclassic.com



တိကျစွာပြောရလျှင် ယော်ပိုင်စစ်ဆင်ရေးအတွင်းက ဖြစ်ခဲ့သည့် အဖြစ်အပျက်...။

ယင်းကာလက မြစ်ဝကျွန်းပေါ်ဒေသတွင် ဗကပနှင့် တပ်မတော် တိုက်ပွဲကာလ ဗကပတို့အား တပ်မတော်နှင့် ပြည်သူ့စစ်များက တိုက်ထုတ်သည့် ကာလဖြစ်သည်။

တပ်မတော်က ဗကပတို့အား တိုက်ထုတ်စဉ် ပြည်သူ့စစ်များက တပ်မတော်နှင့် ပူးပေါင်းကာ ဗကပအား ပူးပေါင်းတိုက်ခိုက် သည့်ကာလဖြစ်၏။

တပ်မတော်နှင့် ပြည်သူ့ပူးပေါင်း စစ်ဆင်ရေး ဖြစ်သကဲ့သို့ အောင်မြင်သည့် စစ်ဆင်ရေး တစ်ခုပင်။

ထိုစစ်ဆင်ရေးတွင် ပြည်သူ့စစ်အဖွဲ့မှ ပုဂ္ဂိုလ် တစ်ဦးပါသည်။ ထိုသူက "ကိုအောင်မင်း" ဖြစ်သည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ကိုအောင်မင်းသည် အရက်သောက်၏။ အရက်သောက်ပြီဆိုလျှင် ဘာဆိုဘာမှ သတိမရ။ သောက်ဖို့ပဲ သိသည့်သူ ဖြစ်သည်။

တစ်နေ့... ကိုအောင်မင်း အရက်သောက်နေစဉ် လူတစ်ဦး ရောက်လာသည်။

"ကိုအောင်မင်း... ကိုအောင်မင်း..."

ကိုအောင်မင်း အရက်သောက်ရင်း ဆတ်ခနဲ ကြည့်လိုက်သည်။ တူးမောင်ပင်။ သူကြီး လူယုံ။ ရပ်ကွက် လူကြီးလုပ်သူကို သူကြီးဟုပင် အရင်အတိုင်း ခေါ်ကြသည်။

"ဘာလဲကွ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်မင်းကို သူကြီးခေါ်ခိုင်းလိုက်လို့ပါ..."

"ကောင်းပြီ။ ငါလာခဲ့မယ် ပြောလိုက်...။ မင်းပြန်တော့..."

"ဟုတ်ကဲ့"

သူပြန်သွားတော့ သူ့အရက်ဆက်သောက်သည်။ ပြီးနောက် သူကြီးဆီသို့လာခဲ့သည်။

သူကြီးဆီသို့ရောက်လျှင်...

"သူကြီး ကျုပ်ကို ခေါ်တယ်ဆို..."

"ဟုတ်တယ်။ မင်းကိုခေါ်ရတာ အကြောင်းမဲ့ မဟုတ်ဘူး။ အခု မြစ်ဝကျွန်းပေါ်ဒေသမှာ တပ်မတော်က ထော်ပိုင်စစ်ဆင်ရေး ဆင်နွှဲနေပြီ။ ဒီထော်ပိုင် စစ်ဆင်ရေးမှာ တပ်မတော်နဲ့အတူ ပြည်သူ့စစ်တွေ ပါဝင်မယ်။ ပြည်သူ့စစ်တွေကို မင်းဦးစီးဖို့ မင်းကို တာဝန်ပေးချင်တယ်..."

ဟုပြောရာ အတော်ကျေနပ်သွားသည်။

"စိတ်ချ သူကြီး။ ကျုပ် ငမွေးဖြစ်ပေမယ့် မငြင်းဖူး။ တိုင်းရေးပြည်ရေးအတွက် ကျွန်တော် ပါဝင်မယ်"ဟု ဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် ပြည်သူ့စစ်ခေါင်းဆောင်အဖြစ် တပ်မတော်နှင့် ပူးပေါင်းကာ ပါဝင်ခဲ့သည်။

* * * * * * *

ပြောရလျှင် ယင်းထော်ပိုင်စစ်ဆင်ရေး၌ ကိုအောင်မြင့်သည် ပြည်သူ့စစ်ခေါင်းဆောင်အဖြစ် ပါဝင်ခဲ့သည်။ ထို့အတူ ရှပ်ရှပ်ချွန်ချွန် တိုက်ပွဲဝင်ခဲ့သည်လည်း ရှိသည်။

ထိုရွာသူရွာသားများက ကိုအောင်မြင့် ထော်ပိုင်စစ်ဆင်ရေးအကြောင်းကို ပြောတိုင်း ကိုအောင်မြင့် ရှပ်ရှပ်ချွန်ချွန် တိုက်ပွဲဝင်ခဲ့ပုံအား ပြောမဆုံးခဲ့...။

မှန်သည်။

ကိုအောင်မြင့်သည် ထော်ပိုင်စစ်ဆင်ရေးတွင် ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ခဲ့သည်။ ထို့အတူ ပြည်သူ့စစ်ခေါင်းဆောင် ကိုအောင်မြင့်သည် ဗကပ တပ်စုတစ်စု စခန်းချနေသည့် စခန်းတွင်းသို့ ရှပ်ရှပ်ချွန်ချွန် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

သည့်တုန်းက တိုက်ပွဲပြင်းထန်ခဲ့သည်။ ဗကပတို့ကလည်း ရှပ်ရှပ်ချွန်ချွန် ခုခံသလို ကိုအောင်မြင့်တို့ ပြည်သူ့စစ်အဖွဲ့ကလည်း အသက်ကို ပဓာနမထားဘဲ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အကျအဆုံးလည်း များခဲ့သည်။ အထူးသဖြင့် ဗကပတို့အကျအဆုံး အများဆုံးဖြစ်ပြီး စခန်းပါစွန့်ရ၏။

ထိုတိုက်ပွဲတွင် ကိုအောင်မြင့်အား သေသူအဖြစ်သတ်မှတ်ခဲ့၏။ ကိုအောင်မြင့်တွင် သေနတ်ဒဏ်ရာတို့အပြည့်။

တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့ဝင်တို့ ကိုအောင်မြင့်ကို



www.burmeseclassic.com

www.burmeseclassic.com



သယ်ထုတ်ခဲ့ရ၏။ ကိုအောင်မြင့် ကံကောင်းခဲ့၏။ သေကံမရောက်ခဲ့...။

ထိုနောက်ပိုင်း ကိုအောင်မြင့် ဘဝသည် တိုးတက်မှုပေါင်းများစွာနှင့် ပြည့်စုံခဲ့၏။ သူကြီး သေဆုံးသွားသည့်အခါ ကိုအောင်မြင့် သူကြီးအရိုက်အရာခံယူပြီး သူကြီးအဖြစ် ခံယူခဲ့သည်။

သို့သော် ကိုအောင်မြင့်နှင့် ပတ်သက်၍ ပရလောကထူးခြားမှုရှိကြောင်းကိုမူ ကိုအောင်မြင့်၏အစ်ကို ဦးအောင်တင် ရှမ်းပြည်မှ ပြန်ရောက်သည့်အခါ သိရသည်။

ရပ်ရွာအပြောရ ဦးအောင်တင်သည် ဝိဇ္ဇာပညာ လိုက်စားသူ၊ အထက်ဂိုဏ်းဆရာ တစ်ဦးပင်။

ဦးအောင်တင် ရွာသို့မရောက်သည်မှာ ကြာပြီ။ ပြန်ရောက်တော့ သူ့ညီအောင်မြင့်က ရပ်ရွာအကြီးအကဲ ဖြစ်နေပြီ။

ဘိုးတော် ဦးအောင်တင်က ကိုအောင်မြင့်ကို တွေ့လျှင်...

မင်းလေဘက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမယ်... နာနာရုပ်က ဟန်လုပ်နေတာပဲ။ မဖြစ်သင့် ဘူးလေ..."

ဟုပြောလိုက်ပြီး နောက်ပိုင်း ကိုအောင်မြင့် အခြေအနေက ထူးခြားစွာ ပြောင်းလဲသွားသည်။ အကောင်းပကတိမှ ဘုံးဘုံးကျသွားသည်။ အရိုးခေါက်ခက် ဖြစ်သွားသည်။ အသက်ဝိညာဉ် ကင်းမဲ့သွားသည်။

ဦးအောင်တင်က...

"ငါ... ဒီအကြောင်းမပြောချင်ဘူး။ ဒါပေမယ့် မပြောလို့ မဖြစ်ဘူးလေ။ ဒီအဖြစ်ဟာ ကြာရှည်မဖြစ်သင့်ဘူး။ ပြောရရင်... အခုတော့ ကြာလှပြီ။ တကယ်ဆို အောင်မြင့် အသက်က တိုက်ပွဲကြီးမှာ ဒဏ်ရာဗလပွနဲ့ ထွက်လာကတည်းက မရှိတော့ဘူး။ ဖုတ်ဝင်ရုပ်ပဲ ရှိတော့တာ..."ဟု ရှင်းပြသည်။

ဤအဖြစ်က အံ့ဩစရာ အဖြစ်ဖြစ်သကဲ့သို့ ယခုတိုင် ပြောနေဆဲဖြစ်၏။

စာဖတ်သူများရဲ့...

သုတေသီသက်ထွန်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



ကားစောင့်တစ္ဆေက လူမျိုးခြား

ကားပေါ်မှာ သူ့အသတ်ခံရတာ...

ကားကို သူစောင့်နေရသည်တဲ့

သူ... သူက...

# ကားစောင့်တစ္ဆေ

သုတေသီ သက်ထွန်းမြင့်

မင်းသက်ရာဇာစာပေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကားစောင့် တစ္ဆေ

## ( ၁ )

ကျွန်တော်က တစ္ဆေ သုတေသန လုပ်နေသူပီပီ ကားသမားများအား ကားလောကနှင့် ပရလောကသား တစ္ဆေ၊ သရဲတို့ကြုံတွေ့ ပတ်သက်မှုကို စူးစမ်းခဲ့သည်။

အချို့အကြောင်းအရာများအား ကျွန်တော် သင့်သလိုရေးခဲ့ပြီးပြီ။ ပုံနှိပ်စာလုံးနှင့် ပရိသတ် ဖတ်ရှုသည်လည်း ရှိခဲ့ပြီ။

ကားသမား လူငယ်ချင်း ကိုကျော်မြင့်နှင့် ပေါင်းမိတော့ သူပြန်ပြောပြသည်။ ကားသမားတို့နှင့် တစ္ဆေ၊ သရဲ ထိတွေ့မှုကို အများကြီး သိခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မြင့်ကို ကျေးဇူးတင်ရသည်။

သူက ကျွန်တော်နှင့် ဆုံတိုင်း ကျွန်တော် စိတ်ဝင်စားသည့် ပရလောကသားတို့အကြောင်းကို ပြောပြသည်။

မနေ့က ကျွန်တော်တို့ဆုံတော့ ကိုကျော်မြင့်က...

"ကျွန်တော် ထူးဆန်းတဲ့ အကြောင်းတစ်ခု ပြောပြရဦးမယ်"

"ကောင်းတာပေါ့ဗျာ..."

"အခုပြောပြမှာက စီးနေတဲ့ ကားအကြောင်း။ သရဲစီးနေတဲ့ ကားအကြောင်းဆိုပါတော့..."

"အင်း... လုပ်ပါကွ..."

"ပြောရရင်... ဒီအကြောင်းက ကျွန်တော် ဒရိုက်ဘာ မောင်းနေစဉ်က အတွေ့အကြုံပဲ။ ပြောရရင်... ဒီတုန်းက ကျွန်တော် မောင်းတဲ့ကားက 'ကာကို' အမျိုးအစားပဲ။ စစ်အတွင်းကာလက သုံးခဲ့တဲ့ကားလေ။ လေလံဆွဲ၊ ပြန်ပြင်ပြီး ကျွန်တော် မောင်းရတာ..."

သူက ထုံးစံအတိုင်း စကားပြောရင်း သူ့အလွန်နှစ်သက်သည့် ဗွီစီးကရက်တစ်လိပ်ကို မီးညှိသည်။

မင်းသောက်ရာစာစမ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တိုသွားသည့် စီးကရက်အား ညာလက် ညှိုးနှင့် ခေါက်ပစ်လိုက်ပြီး...

"အဲဒီတော့ ဘာဖြစ်လဲ..."

"ဘာဖြစ်တယ် ဆိုတာထက်... ဒီကားမောင်းစဉ်က ကျွန်တော် ခံစားရမှုကို ပြောပြမှ ပိုပြီးပြည့်စုံမှာဗျ။ အံ့တော့ အံ့ဩစရာ အကောင်းသားဗျ..."

"ဘယ်လိုအဖြစ်တွေကြောင့်လဲ ကိုကျော်မြင့်..."

ကျွန်တော့် ဖြတ်မေးလိုက်သည်။ သည်တော့ သူက စီးကရက်ကို တစ်ချက်ဖွာပြီး၊ ဘယ်လို အဖြစ်တွေကြောင့်ဆိုရင် ကျွန်တော် အလွန်သွေးအေးတဲ့သူဟာ ကားပေါ်ရောက်တာနဲ့ စစ်သွေး ကြွသူလို သွေးကြွလာတယ်။ စိတ်တွေ၊ အသိတွေ ကြွမ်းတမ်းလာ သလိုပဲ"

ဟုပြောသည်။ ပြီးမှ...

"ဟုတ်တယ်ဗျ။ ဒီကားပေါ်ရောက်တာနဲ့ စိတ်က တက်ကြွနေတယ်။ အရာရာ သည်းခံစိတ် မရှိဘူး"

ဟုပြောရင်း အဖြစ်အပျက်တစ်ခုကို ပြောပြသည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်ပြုသွား၍ များလားဟု ကြည့်တော့ မဟုတ်။

ဝပ်ရှော့ ပိုင်ရှင်က…

"ကိုကျော်မြင့်ရေ… ခင်ဗျားကားက ပြဿနာရှာပြီ…" ဟု ပြော၏။

"ဘာများဖြစ်လို့လဲ ဆရာ…"

"ဘာဖြစ်ရမလဲ ကိုကျော်မြင့်ရဲ့ ရပ်ထားရင်း မောင်းသူ မရှိဘဲ ရှေ့မှာရပ်ထားတဲ့ ကားကို ဝင်ဆောင့်လိုက်တယ်လေ။ မဟုတ်မှလွဲရော ဒီကားမှာ ပရလောက ပူးကပ်မှုရှိနေသလား မသိဘူး"

ဟု သူ့ထင်မြင်ချက်ကို ပြောပြသည်။ သည်အခါမှ ကျွန်တော် ကိုယ်တိုင်လည်း ဒီကားပေါ်ရောက်လျှင် စိတ်သွေးကြွ ရသည့် အဖြစ်များအား သတိရပြီး…

"အင်း… ဒါက စဉ်းစားစရာ ဖြစ်နေပြီ ဆရာရဲ့ ကျွန်တော့် ကိုယ်တွေ့ပြောရရင် ကျွန်တော် ဒီကားပေါ်ရောက်ရင် စိတ်တွေက ကြွလာတယ်။ ကြက်ခေါင်းဆိတ် မခံဖြစ်နေတယ်။ ဒီကားမောင်းတဲ့ နေ့တိုင်းပြဿနာ တစ်ခုမဟုတ်တစ်ခု ဖြစ် တယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို... ခင်ဗျား သတိထားတော့..."

ဟု ဝပ်ရှော့ဆရာက ပြောသည်။

"ထိုအကြောင်းအား အုံနာကို ပြောပြတော့ အုံနာက သက် ပြင်းရှိုက်ပြီး...

"ဒါက မဖြစ်ဘူးလို့ မပြောနိုင်ဘူး။ ဒီကားက သက် တမ်းကလဲ ကြာပြီလေ..."

"အရင်အုံနာကရော ဘာပြောသေးလဲ။ ပထမ အုံနာ လက်ထက်မှာ ထူးခြားတဲ့ အဖြစ်ဖြစ်တယ်လို့ ကြားဖူး သေးလား..."

ဟုမေးရာ... အုံနာက...

"သူကိုယ်တိုင် ကြုံတွေ့ရတာ တစ်ခုရှိဖူးတယ်လို့ ပြောဖူးတာရှိတယ်။ ဒီကားက အရင်မောင်းတဲ့သူက လူမျိုးခြား တစ်ဦးတဲ့။ ဒီကားထဲမှာ အသတ်ခံရတယ်။ ဒီကားကို သူ့အမြတ် နိုးဆုံးဖြစ်လို့ ဒီကားနဲ့သူတွဲရက် ရှိနေတယ်တဲ့။ ဒီကားကို သူစောင့်နေတယ်လို့ ပြောတယ်။ ငါတော့ သိပ်မယုံဘူး..."

ဟုရှင်းပြသည်။ ထို့အတူ သူက...



www.burmeseclassic.com

www.burmeseclassic.com



"ခုမှမှတ်မိတယ်။ တစ်ခါက ဒီကား အခိုးခံရဖူးတယ်။ ဒါပေမယ့် ဒီကားကိုခိုးတဲ့သူ လက်ထဲက ပြန်ရတယ်။ ကားခိုးသွားသူက အသေအလဲ ကြောက်နေတယ်"ဟု ထပ်ပြောပြသည်။

"ဒါဆို ဒီကားရာဇဝင်က ကြောက်စရာပဲ။ မကျွတ်မလွတ်သူ စိုးမိုးနေတာအမှန်ပဲ"ဟု ဝပ်ရှော့ဆရာက ပြောသည်။

* * * * * * *



www.burmeseclassic.com

www.burmeseclassic.com



## ( ၃ )

ထို့နောက် ကိုကျော်မြင့် ဒီကားမောင်းတော့ အတော် သတိထားရသည်။ ကားခိုးသူကို သူကိုယ်တိုင် ကားပေါ်က တွန်းချလိုက်တာ။ သူဒီစကားကို ကြားနေမိသည်။

သို့သော် ခက်သည်က ဒီကားပေါ်ရောက်ရင် စိတ်တွေ ကြွနေသည်။ ပြဿနာ မဖြစ်အောင် မနည်းကို ထိန်းယူရသည်။

မည်သို့ဆိုစေ ဤသို့ထိန်းသည့်ကြားမှ တစ်ခါသော် ပြဿနာဖြစ်၏။ အသက်နှင့် ရင်းရသည့် ပြဿနာ ဖြစ်သည်။

ကားက မောင်းရင်း ရှတ်တရက် လီဗာတင်လိုက် သလိုဖြစ်သွားသည်ကို သတိရသည်။ ကားအရှိန်က ထိန်းမရ သလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှိန်က မြင့်သည်မှာ အရမ်းပင်။

ရိပ်ခနဲ… ရိပ်ခနဲ ဖြစ်နေသည်။

ကိုကျော်မြင့် ရင်တွေ ခုန်နေပြီ။ သည်အတိုင်းတို ပြဿနာဖြစ်နိုင်သည်။ တစ်စုံတစ်ခုနှင့် မတိုက်မိစေရန် ထိန်းနေရသည်။

ကားချင်း တိုက်မိလျှင် မလွယ်။ သစ်ပင်နှင့် တိုက်မိလျှင်လည်းမလွယ်။ မည်သို့ အရှိန်သတ်ရမည်ကို မသိ။

သူ… အခက်အခဲကို မည်သို့ဖြေရှင်းရမည်ကို စဉ်းစားရပြီ။ ထိုစဉ် အလွန်တရာ စိုးရိမ်ထိတ်လန့်ဖွယ်အဖြစ်ကို ကြုံရသည်။ ကားအရှိန်ထိန်းမရ ဖြစ်နေသည့်အထဲမှ ရှေ့မှရထားသံလမ်းဖြတ်သည့်နေရာသို့ ရောက်နေပြီ။

ရထားလာနေသဖြင့် တံခါးပိတ်ထားသည်ကို မြင်သည်။ သည်တိုင်းဆိုမလွယ်။ ရထားနှင့် တိုက်မိနိုင်သည်။

ကိုကျော်မြင့် စဉ်းစားမရ။ ကြိုးစား၍လည်းမရ။ နောက်ဆုံးတစ်ခုပဲ ကိုကျော်မြင့် ဆုံးဖြတ်ချက် ချလိုက်ရသည်။ ကားနှင့်လူ အသက်လဲလှယ်ရန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့်အတူ ပါသွားပြီး လူသေမခံနိုင်။

ယင်းသမို့ ကိုကျော်မြင့် ရထားသံလမ်းနားသို့ ကား ရောက်လျှင် ရုတ်တရက် ကားပေါ်မှ ခုန်ချလိုက်သည်။ ကိုကျော်မြင့် ကားပေါ်မှ ခုန်ချလိုက်သော်လည်း ကားသည် ညို့မှ ပစ်လွှတ်လိုက်သည့် မြားသို့ အရှိန်ပြင်းစွာ ထွက်သွားပြီး သံလမ်း ဖြတ်တံတားဘောင်ကိုတိုက်ပြီး အဟုန်ပြင်းစွာ ခုတ်မောင်းလာ သည့် ရထားနှင့်မျက်နှာချင်း ဆိုင်သွား၏။

"ဝုန်း"

"ဒိုင်း"

ကျယ်လောင်သော အသံထွက်ပေါ်လာသည်။ သံလမ်း ပိတ်တံခါးအား တိုက်သွားသည့် ကားသည် ရထားလမ်းပေါ် ရောက်သွားသလို ရထားက တိုက်လိုက်သဖြင့် လွင့်စင်သွား သည်။

ကိုကျော်မြင့်ကမူ ကံကောင်းသည်ဟု ပြောရမည်။ ကားလမ်းဘေး မြက်ခင်းပြင်ပေါ်သို့ ကျသဖြင့် တော်သေးသည် ဟုဆိုရမည်ထင့်။

သူထ ကြည့်လိုက်တော့ ရထားက ကျော်သွားပြီ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကားကမူ ရထားက အရှိန်ပြင်းစွာ တိုက်လိုက်သဖြင့် ရထား လမ်းဘေး၌ ကြီးစွာသော အပျက်အစီးဖြင့် ဂျုံးဂျုံးကျနေသည်ကို တွေ့ရ၏။

ကားစောင့်တစ္ဆေကမူ... မည်သို့ရှိမည်... မသိ။ ကိုကျော်မြင့်ကမူ... သည်ကားကို စွန့်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီ...။

စာဖတ်သူများရဲ့...

သုတေသီသက်ထွန်းမြင့်

❑ ❑ ❑

www.burmeseclassic.com